# သတင်းနှင့်ပြန်ကြားရေးဌာန

News & Information Department

PSLF/TNLA

စာစောင်အမှတ် - ၀၁၁၀၆

အမှတ်စဉ်(၁) ၂၀၁၆


## နိုင်ငံရေးဦးတည်ချက်

(က) တအာင်းတစ်မျိုးသားလုံး အဖိနှိပ်ခံဘဝမှ လွတ်မြောက်ရေး

(ခ) ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို အာမခံသည့် တအာင်းပြည်နယ် တည်ဆောက်ရေး။

(ဂ) မဟာလူမျိုးကြီးဝါဒနှင့် စစ်အာဏာရှင်စနစ် တိုက်ဖျက်ရေး။

(ဃ) ကိုယ့်ကံကြမ္မာကို ကိုယ်တိုင်ဖန်တီးနိုင်သည့် အမျိုးသားတန်းတူညီမှု ရရှိရေး

(င) အမျိုးသားကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံသည့် ဒီမိုကရက်တစ်ပြည်ထောင်စုနိုင်ငံ တည်ဆောက်ရေး။




**"တကယ်လို့သာဒါက မြန်မာ့တပ်မတော်ဒီလိုသဘောထားအတိုင်းပဲရပ်တည်တယ်၊ ပြီးတော့ငြိမ်းချမ်းရေးမူ(၄)ရပ်အတိုင်းပဲခိုင်ခိုင်မာမာ ရပ်တည်ထားတုန်းဆိုရင်တော့ ကျနော်တို့မြန်မာနိုင်ငံရဲ့ နိုင်ငံရေးပြဿနာဟာတကယ်ပဲ ဝမ်းနည်းစရာကောင်းပါတယ်"** အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးကြီး

တားဘုန်းကျော်နှင့် မေးမြန်းခန်း

သေချာတာကတော့ မြန်မာနိုင်ငံမှာ နိုင်ငံရေးပြဿနာအကြီးကြီးရှိနေတယ်။ အားလုံးလက်ခံနိုင်တဲ့နိုင်ငံရေးအဖြေ၊ နိုင်ငံရေးသဘောတူညီချက် ရရှိအောင် လုပ်ရမယ်ဆိုတာ လက်ရှိအစိုးရသစ် ကောင်းကောင်းသဘောပေါက်ပါတယ်။

# အယ်ဒီတာ့ အာဘော်

မြန်မာ့သမိုင်းကိုပြန်လှန်ကြည့်လျှင် အစိုးရအဆက်ဆက်၏ အဓိကလုပ်ဆောင်ချက်သည် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းသည် မည်သည့်အစိုးရလက်ထက်တွင်မဆို လုပ်ဆောင်လာခဲ့သည်ကို တွေ့ရပေမည်။ မလုပ်၍လည်းမရ တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးပေါင်းစုံနေထိုင်သည့် ပြည်ထောင်စုကြီးမဟုတ်ပါလော။

လွတ်လပ်ရေးမရမီကာလတွင်လည်း တိုင်းပြည်လွတ်လပ်ရေးအတွက် မည်သည့်ဒေသ မည်သည့်တိုင်းရင်းသား မဆို နယ်ချဲ့သမားများကိုတိုက်ထုတ်ကာ စည်းလုံးညီညွတ်အားဖြင့် လွတ်လပ်ရေးအရယူနိုင်ခဲ့တယ်။ ဒါဖြင့် လွတ်လပ်ရေးရပြီး အေးချမ်းသာယာနေမည့်အစား ယနေ့အထိ နှစ်ပေါင်း ၆၀ ကျော်ပြည်တွင်းစစ်မီး ဘာကြောင့် တောက်လောင်ခဲ့ရသလဲ။ ပြန်စမ်းစစ်ကြည့်မည်ဆိုပါက အစိုးရအဆက်ဆက်မှာ မူအမျိုးမျိုးဖြင့် ဟန်ပြလုပ်ဆောင် လာခဲ့ကြသော်လည်း အာဏာရှင်စနစ် သက်ဆိုးရှည်ရေး၊ လူမျိုးကြီးဝါဒ ဆက်လက်ဆုပ်ကိုင်ရေးဖြင့်သာ အားပြုဖြေရှင်းသွားကြသည်ကို တွေ့ရပေလိမ့်မည်။

ယခုတစ်ဖန် ၂၁ ရာစုပင်လုံညီလာခံဟု အမည်တပ်ကာ မြန်မာပြည်၏ ငြိမ်းချမ်းရေးကို တစ်ခေတ်ပြန်လည် စမ်းစစ်ပါဦးမည်။ ပထမ ပင်လုံမှစတင်သည့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုသည် ထိုကတိကဝတ် ပျက်ကွက် ခဲ့မှုကြောင့် ပြည်တွင်းစစ်မီး တောက်လောင်ခဲ့ရသည်ဟု ဆိုရမည်ဖြစ်သဲ့သို့ ယခုဒုတိယပင်လုံဟု ခေါ်ဆိုနိုင်သည့် ၂၁ ရာစု ပင်လုံညီလာခံသည် မြန်မာပြည်ဖွား တိုင်းရင်းသားများ၏ ဘဝအတွက် မည်သည့်အတိုင်းအတာအထိ အာမခံချက်ပေးပြီး စည်းလုံးညီညွတ်အောင် ဆောင်ကျဉ်းပေးနိုင်မလဲဆိုတာ ဆက်လက်စောင့်မျှော်နေရပါဦးမည် ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ပါသည်။

(ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး၏ အာဘော်မဟုတ်ကြောင်းနှင့် အယ်ဒီတာ၏ အာဘော်သာဖြစ်ကြောင်း တင်ပြအပ်ပါသည်)

## မာတိကာ


၁. ပါင်တမိုနို၊ ကရော့တ်ဆန့်ကတ်မော်တီတိုင်အိုင်၊ တပ်ဖွဲ့နှင့်ပုံနှိပ်လောက်ပြိုပြင်တာအောင်၊ ဗွေ့လေး၊ ကြော့ချွင်ပိုင် ဘည်ဆာဝော

၂. တအာင်းလူထုအားဦးတည်တိုက်ခိုက်သတ်ဖြတ်နေသည့် RCSS/SSA ၏လုပ်ရပ်အား အပြင်းအထန် သတိပေးသည့် (စာမျက်နှာ ၃)

၃. ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦးမှ သဘောထားထုတ်ပြန် (စာမျက်နှာ ၄)

၄. မန္တလေးအလင်းသတင်းစာတိုက်သို့ပေးစာ (စာမျက်နှာ ၅)

၅. RCSS/SSA တပ်ဖွဲ့ကျူးကျော်စခန်းတစ်ခုအား တအာင်းတပ်မှ ထိပ်မံရှင်းလင်း (စာမျက်နှာ ၆)

၆. တအာင်းတပ်မတော်နှင့် RCSS/SSA တပ်ဖွဲ့တို့ တိုက်ပွဲဆက်လက်ဖြစ်ပွား (စာမျက်နှာ ၆)

၇. RCSS/SSA တပ်ဖွဲ့ကျူးကျော်စခန်း ၂၃ခုအား တအာင်းတပ်မှ ထိပ်မံရှင်းလင်းနိုင်ခဲ့ (စာမျက်နှာ ၇)

၈. နမ့်ဆန်မြို့နယ်တိုက်ပွဲတွင် မြန်မာ့တပ်မတော်တက်မှုဝဦးကျ (စာမျက်နှာ ၈)

၉. တအာင်းတပ်မတော်နှင့် မြန်မာ့တပ်မတော်တို့ မန်တုံမြို့နယ်တွင် တိုက်ပွဲဖြစ်ပွား (စာမျက်နှာ ၈)

၁၀. TNLA နှင့် မြန်မာ့တပ်မတော် ကျောက်မဲမြို့နယ်တွင် တိုက်ပွဲထပ်မံဖြစ်ပွား (စာမျက်နှာ ၉)

၁၁. RCSS/SSA တပ်ဖွဲ့မှ ပြည်သူလူထုအား ဦးတည်မိုင်းထောင် (စာမျက်နှာ ၉)

၁၂. RCSS/SSA တပ်ဖွဲ့မှ ထောင်ထားသည့်မိုင်းနင်းမိ၍ ရွာသားတစ်ဦးသေဆုံး (စာမျက်နှာ ၉)

၁၃. RCSS/SSA တပ်ဖွဲ့မှ အပြစ်မဲ့တအာင်းရွာသား ၂ ဦးအား သတ်ဖြတ် (စာမျက်နှာ ၉)

၁၄. တအာင်းဒေသအတွင်း RCSS/SSA တပ်ဖွဲ့၏ လူ့အခွင့်အရေးချိုးဖောက်မှုများ (စာမျက်နှာ ၉)

၁၅. RCSS/SSA တပ်ဖွဲ့မှ အပြစ်မဲ့ရွာသားများအား ထပ်မံဖမ်းဆီး (စာမျက်နှာ ၁၀)

၁၆. RCSS/SSA တပ်ဖွဲ့ တအာင်းရွာသား အယောက် ၃၀ ကျော်အား ဖမ်းဆီးခေါ်ဆောင် (စာမျက်နှာ ၁၀)

၁၇. TNLA နှင့် ဇွန်လ (၉) ရက်နေ့တွင် စတင်ဖြစ်ပွားခဲ့သော တိုက်ပွဲများ အကျဉ်းချုပ် (စာမျက်နှာ ၁၀)

၁၈. ၂၁ ရာစုပင်လုံနှင့် တအာင်း(ပလောင်)နိုင်ငံရေး (စာမျက်နှာ ၁၁)

၁၉. လက်ရှိ NLD အစိုးရအသစ်အပေါ် အမြင်သဘောထားများနှင့် ၂၀၁၂ နှင့် TNLA တို့အကြား ဖြစ်ပွားနေသည့် လက်နက်ကိုင် ပဋိပက္ခများအား PSLF/TNLA အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးကြီး မိုင်းတုန်ကျော်နှင့် တွေ့ဆုံမေးမြန်း (စာမျက်နှာ ၁၄)

၂၀. သားငယ်လေးရဲ့ညည်းတွားသံ (စာမျက်နှာ ၂၀)



| | |
|---|---|
| အယ်ဒီတာ | – ဗိုလ်မှူး မိုင်းအိုက်ကျော် |
| စာစောင်တာဝန်ခံ | – မိုင်းယိုဝ့်မြို့င်း |
| တည်းဖြတ် | – မိုင်းယိုဝ့်မြို့င်း |
| စာစီစာရိုက် | – လွေးဒီဒီဟော့ဇာရ်၊မိုင်းယိုဝ့်မြို့င်း |
| ဌာနအဖွဲ့ဝင်များ | – မိုင်းအိုက်နိုင် – လွေးအေးလွယ် |
| သတင်း | – ပြန်ကြားရေးဌာန |



ဆက်သွယ်ရန်

Email - pslftnlanews@gmail.com

Phone - + 95 09 4931 4951

+ 95 09 3094 7551

+ 86 153 888 20328

# ပါင်ကမိုန်ကရောတ်ဆနုံမ်ကာ်မ်မတီတိုင်ဒါင်းတံပ်အွံန်ပုံန်လောတ်ခြိုဝ်းတအာင်း

ပွေ့လေ့ကြော့ကွ္ဘာင်ပံင်ဘာည်ဆဖော

မှာည်ဒီရုံ့ပွေ့လေ့ကြော့ကွ္ဘာင်ပံင်ဘာည်ဆဖော (၁/၂၀၁၆)

ဆငည် ၉၊ပကျံန်ဇန္နဝါရီ၊ ဆနုံမ် ၂၀၁၆

ခေဲင်းကုင်းတအာင်းဒီတိုင်လူမ်ဒါင် တံပ်အွံန်ပုံန်လောတ်ကပိုန်တအာင်း PSLF/TNLA ရဲင်းပါင်ကမိုန်ဒါင်း ကရောတ်ဆနုံမ် ဘာံင်စရဲင်း ကျံန်ဇန္နဝါရီ၊ဆငည်(၅)၊ဂိုပ် ဇူဆငည်(၉) ဟွာည်,ကျကျနနပွံတ်ယာ့။ ပါင်ကမိုန်ဒါင်းဒီန် ခေဲင်းတိုင်ဒါင်းကာ်မ်မတီ (၂၃)ကာံဝ်၊ ဟာ့(၁၉) ကာံဝ်၊ ဂေါပ်တိုင် ဒါင်းကော်မတီ (၈)ကာံဝ်၊ ဟာ့(၆)ကာံဝ်၊ဆဲ့ဒီန်တံပ်နာ္ခန်း ပုန်လောတ်ခြိုဝ်း တအာင်းအယ် ဂဲအံန်မို့ အီအွံန်တံပ်ဒါင်း၊ ဂဲအံန်မို့ အီအွံန်ဘြောင်ချာင်၊ အှိုင်၊လုံင်၊ ဂဲပါ့ဒိုည်,ဒိုည်, ဂေါည်ဒေ(၇၀)ကာံဝ်၊ ဂဲတာင်ပြာင်လောင် ဇိုင်းကာ္ခန်ပံင်ဟွာည်,ရဲင်းဒေခေဲင်း(၂၀၁၅) ဇိငိုပ်မေတိုဝ့်၊ ချပွေ့ဇိုင်းကာ္ခန် ပုံန်လိုရဲင်းဟာ္ခဝ်ရအာ္ခတ် ဒိုည်,ဒိုည်,ယာ့။ ခေဲင်းပါင်ကမိုန် ဒီန်၊ ဘြဲယိုဝ့်ပံင်ဒါင်းဟာ္ခဝ် တိုင်တံပ်ဒါင်း၊ တိုင်တံပ်အဆာင်ဆာင်ပဲန်ချုံန်၊အရေတိုင်ဆိုက် ဇိငိုပ်မေတိုဝ့်ဇိရ်ဘြဲဇီဆာ္ခအူန်ထဲင်။ ဇိုင်းကာ္ခန်ကြောင်ချာင် အှိုင်၊ လုံင်၊အရာပ်အရာ၊ ဂဲဒိုည်,ဒိုည်,ထဲင်ယာ့၊ဆဲ့ဒီန် ပံင်ဇိရ်လိုဘြဲဆာ္ခတိုင်ဒါင်းတောန်တိုင်ဒိုည်,ဒိုည်, ဘြဲဆာ္ခဟွာည်,ဒိုည်,၊ လိုူဝ်ဆဲ့ဒီန် ကစုကပိုမ်ဖုင်အီတဲမ် တိုင်ရုံန့်ကစုကပိုမ်ဥပဒေကုင်တအာင်း(မူကျံမ်) (တအာင်းပြည်နယ် ဖွဲ့စည်းပုံ အခြေခံဥပဒေ(မူကြမ်း) ဂဲဇူ့ဘာံင်ဒေရဲင်းဟာ္ခဝ်ပွံတ် ဇိုင်းကာ္ခန်အံန်ယာ့၊ ခေဲင်းပါင်ကမိုန်ဒီန်ပ္လချပပွေ့ဆဖောအူန်ဒါ့ မော္ခကူန်ရုံဝ်မာ္ခဂါင်အယ်တအာင်း ဂိုပ်ကစုကဖြော္ခမ်ကရောမ်ဇော္ခမ် တံပ်နာ္ခန်းလိုဆော ဟိုပ္လု့ဟာ္ခဝ်ထဲင်ယာ့။

ပါင်ကမိုန်ကရောတ်ဆနုံမ်တိုင်ဒါင်းကော်မတီ ယိုဝ်မေန်တိုဝ့်ဒါ့ပံင်ရဲင်းအစိုးယဘြာ္ခန်ဂဲ "ပါင်ကမိုန်ဒါင်းလုံင်ယေန်ကုင်ကစုကပိုမ်" (ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ) ဆငည်း(၁၂) ကျံန်ဇန္နဝါရီဒီန်၊ မို့(ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံအတု) "ပါင်ကမိုန်ဒါင်းလုံင်ယေန် ကုင်ကစုကပိုမ်" နံမို့အီကျာ၊နံင်အာ္ခဝ်ဘဲဒေဆာင်လာ္ခင်ဒဲ့ပျဆနာ္ခ အရေတိုင်ကုင်၊ နံင်ဘာည်လည် ပါင်မိုန်ဒါင်း စဝ်ကညာ္ခအာ္ခဏာ္ခဆိုက်ဂဲ။ နံင်ကချူကာံဝ်လည်အီထဲင်။ ဘာည်တံပ်နာ္ခနည်းတအာင်းအယ် PSLF/TNLA နံင်အာ္ခဝ်ဟာ့ ပါင်မိုန်ဂဲဒီန်ကယေင်ထာင်အူန်ဒါ့ ပျဆနာ္ခအရေတိုင်ကုင်ပဲန်ပွေ့ည်ကတိုက် ကယိုဝ်ဩည်ဂိုပ်နာ့(၇၀)ဆနုံမ်နီ၊ အစိုးယတမာည် NLD နံင်ဟွာည်,ဟိုက်၊ အာ္ခပ်ဒေနံင်ဘဲဒေဆာင်လာ္ခင်ဒဲ့ ပျဆနာ္ခအရေတိုင်ကုင်နိန်ယာ့။

ဘာံစူမ်(၈)စူမ်ဂဲဟွာည်,ရဲင်းပွံတ် ငြီ့ရောည်တည် NCA ဒီန်၊ ဆိုက်ဘြာ္ခန်ဂဲ ထိုးဟာ့ဆိုက်ဂဲခေဲင်းကတာ္ခည်အယ် ကော္ခန်တိုင်ကုင်း ဘာ္ခည်နီ၊ ပါင်ကမိုန်ကရောတ်ဆနုံမ်တံပ်နာ္ခန်းတအာင်းနီ ဆံင်ခံတ်ဝ့ါင်းဇိုုန်ဒါင်းဒါင်းပံဘာ္ခည် ဂဲဒီန်ယာ့။ ဆဲ့ဒီန်စူမ်ဆုံမ်ကဒ ဒိုဝ့် RCSS/SSA ဂဲ ကရောမ်ဒေဒါ ဇော္ခမ်တောဆိုက်ဘြာ္ခန်ဟိုက်နှုံတ်ကအူး ခေဲင်းကုင်အယ်တအာင်းဆံင်ခံတ် ဝ့ါင်ဇိုုန်ဒါင်းဒါင်း ထဲင်ယာ့။ ဂဲဒီန်ဒိုည်,ဒိုည်, ပါင်ကမိုန်ကရောတ်ဆနုံမ်အယ်နီယိုဝ် မေန်တိုဝ့်ဒါ့မို့ဒိုည်,ဘြာ္ခန်ဂဲ ဆီင်ဒဲ့ပျဆနာ္ခအာ္ခဝ်ပဲန်ယော္ခမ် အာ္ခဝ်ပဲန်ဒါ။ ဆေးဆဲ အယ်အာ္ခဝ်ပဲန်ကဖြော္ခမ် ကဒည်ခနာ္ခအယ် ကော္ခန်တိုင်ကုင်းယာ့။ မော္ခဂိုပ် ဘူန်ပေါပံင်ကယေင်ပံင်အာ္ခန်ယိုဝ်, တိုက်ဇိုုန်အယ်နီ ပါင်ကမိုန်ကရောတ်ဆနုံမ်အယ် ပွေ့လေ့ကြော့ကွ္ဘာင် ဘာည်နော့ဖိုမ် ဒါ့နံင်ကရောမ်ဇော္ခမ်တော ကူန်ရုံဝ်မာ္ခဂါင် အယ်တအာင်း ကဆိုပ်ကတာ္ခမ် ယိုဝ်,တိုက်ဇိုုန်ဟိုက်ဟာ္ခဝ် ထဲယာ့။

ကာ်မ်မတီတိုင်ဒါင်

တံပ်အွံန်ပုံန်လောတ်ကပိုန်တအာင်း(P.S.L.F)

တံပ်နာ္ခန်းပုံန်လောတ်ခြိုဝ်တအာင်း(T.N.L.A)

## တအာင်းပြည်သူလူထုများအား ဦးတည်တိုက်ခိုက်သတ်ဖြတ်နေသည့် RCSS/SSA ၏ လုပ်ရပ်ကိုအပြင်းအထန်ကန့်ကွက် သတိပေးသည့် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး၏ သဘောထားထုတ်ပြန်ချက်

**သဘောထားထုတ်ပြန်ချက်အမှတ် (၈/၂၀၁၆)**

**၄ ရက် ဖွန်လ ၂၀၁၆ ခုနှစ်**

တအာင်းဒေသရှိ တအာင်း(ပလောင်)ပြည်သူလူထုများကို ဦးတည်ချက်ရှိရှိတိုက်ခိုက်သတ်ဖြတ်နှိပ်စက်နေသည့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ RCSS/SSA ၏ အကြမ်းဖက်စစ်ဝါဒီလုပ်ရပ်ကို ပလောင်ပြည်နယ်လွတ်မြောက်ရေး တပ်ဦး P.S.L.F /T.N.L.A မှ အပြင်းအထန် ကန့်ကွက်ရှုတ်ချလိုက်ပါသည်။

ရှမ်းပြည်တပ်မတော် တောင်ပိုင်းတပ်ဖွဲ့ သည် နမ့်ခမ်း၊ ကျောက်မဲ၊ မန်တုံမြို့နယ်များရှိ တအာင်းမိဘပြည်သူများကို ဦးတည်ပြီး ဖမ်းဆီးနှိပ်စက်ခြင်း၊ အကြမ်းဖက်သတ်ဖြတ်ခြင်း၊ လုပ်ငန်းခွင် ခြံ၊ မြေ၊ လယ်ယာများတွင် မိုင်းထောင်ခြင်း၊ လူထုနေထိုင်ရာနေရာများတွင် အတင်းအဓမ္မစခန်းချခြင်း အစရှိသည့် အကြမ်းဖက်စစ်ဝါဒီလုပ်ရပ်များကို ဆက်တိုက်ကျူးလွန်နေပါသည်။

ဖွန်လ ၁ ရက် နေ့တွင် အပြစ်မဲ့ မန်အောင်ရွာသားနှစ်ဦးဖြစ်သည့် မိုင်းအိုက်ထွန်းဦး(၃၂) နှစ် (အဘ) ဦးလုမ်စုမ် နှင့် မိုင်းညီဂျားဂင်း(ခေါ်)မိုင်းညီပို့ (၃၄) နှစ် (အဘ) ဦးညီစံကားတို့သည် နမ့်ခမ်းမြို့အနီး နောင်အန်ကျေးရွာနှင့် မန်အောင်ကျေးရွာအကြားတွင် RCSS တို့၏ဖမ်းဆီးခြင်းကိုခံခဲ့ရပြီးနောက် စစ်ဝါဒီအကြမ်းဖက်သမားများ၏ ခေါင်းဖြတ် သတ်ဖြတ်ခံခဲ့ရသည်ကို ဖွန်လ ၃ ရက်နေ့တွင်တွေ့ရှိခဲ့ရပါသည်၊ ထို ဖွန်လ ၁ ရက် နေ့တွင်ပင် RCSS/SSA တပ်ဖွဲ့မှ မီးသွေးဖို လုပ်ငန်းခွင်တွင် မိုင်းထောင်ထားသဖြင့် မိုင်းပေါက်ကွဲကာ ကြူဆိုင်းကျေးရွာသား မိုင်းလုမ်အောင်ကြည် အဘ ဦးယိုင်ခမ်း ၊ အမိ ဒေါ်အိုင်မွမ်း အသက် (၂၂) နှစ် သေဆုံးခဲ့ပါသည်၊

မိမိတို့ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး P.S.L.F /T.N.L.A သည် တိုင်းရင်းသားလူမျိုးအချင်းချင်း လူမျိုးရေးပဋိပက္ခ မဖြစ်ပွားစေရန်အတွက် ဒေသခံပြည်သူလူထုများအား မေတ္တာတရားဖြင့် ငြိမ်းချမ်းစွာပေါင်းသင်းဆက်ဆံ နေထိုင်ကြပါရန်၊ လူမျိုးအချင်းချင်းချစ်ခင်စွာပေါင်းသင်းဆက်ဆံရန် တအာင်းဒေသရှိ ခရိုင်၊ မြို့နယ်၊ တိုက်နယ်အဆင့်ဆင့်ကို ညွှန်ကြားပြီး စည်းရုံးအကြောင်းကြားမှုများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါသည်၊

ထို့ကြောင့် တအာင်းဒေသရှိ တအာင်း(ပလောင်)ပြည်သူလူထုများကို ဦးတည်ချက်ရှိရှိ တိုက်ခိုက်သတ်ဖြတ်နှိပ်စက်နေသည့် စစ်ဝါဒီလုပ်ရပ်များကို အမြန်ဆုံးရပ်တန့်အဆုံးသတ်ရန် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ RCSS/SSA အား မိမိတို့ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် P.S.L.F /T.N.L.A မှ ပြင်းပြင်းထန်ထန် သတိပေးလိုက်ပါသည်။

**"ဘုံပ်ဘိုန် ကုင်တအာင်း"**

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**
**ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး P.S.L.F / T.N.L.A**

ပလောင် ပြည်နယ် လွတ်မြောက်ရေး တပ်ဦး ( PSLF /TNLA)

သ တင်း နှင့် ပြန် ကြား ရေး ဌာ န

စာအမှတ်၊ ၀၂ / ဦး - ၁ သကရ ၂၀၁၆

ရက်စွဲ၊ ၂၀၁၆ ခုနှစ် ဖွန် လ ၁၄ ရက်

သို့

အယ်ဒီတာချုပ်

Messenger media/မန္တလေးအလင်းသတင်းစာ

အကြောင်းအရာ။ အကြောင်းအရာ။ ။ တိုင်းရင်းသား လူမျိုးများအကြား လူမျိုးရေးပဋိပက္ခ ဖြစ်စေလာနိုင်သည့် သတင်းမှားများ ရေးသားထုတ်ဝေမှုကို ရပ်တန့်ရန်နှင့် မှားယွင်းရေးသားခဲ့ကြောင်း ပြန်လည်ရှင်းလင်းပေးပါရန်

ရည်ညွှန်းချက်။ ။ (၂၀၁၆ ဖွန်လ ၄) ရက်နေ့ထုတ် မန္တလေးအလင်း သတင်းစာ

၁။ မန္တလေးအလင်းသတင်းစာ၏ ဖွန်လ ၄ ရက်နေ့ထုတ် သတင်းစာစာမျက်နှာ ၈ တွင် ပါရှိသော "TNLA က ရှမ်းလူမျိုးများအား တိုက်ခိုက်ရမည်ဟု စာရွက်စာတမ်းများ ဖြန့်ဝေ" ဟူသည့်ခေါင်းစဉ်ဖြင့်သတင်းထုတ်ဝေ ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

၂။ ယင်းသတင်းမှန်ကန်မှုရှိမရှိ မိမိထုတ်ဝေသောသတင်း မည်မျှအထိ တာဝန်ယူမှု တာဝန်ခံမှုရှိသည်ကို လူကြီးမင်းသတင်းဌာနမှ ပြန်လည်စီစစ် သင့်ပါသည်။ TNLA စာရွက်စာတမ်း ဖြန့်ဝေသည်ဟုဆိုပါက ဖြန့်ဝေသည့် စာတမ်းပါသက်သေအဖြစ် ထုတ်ဖော်သင့်ပါသည်။

၃။ မိမိပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး(PSLF)/ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA)သည် မည်သည့်လူမျိုး အပြစ်မဲ့အရပ်သားကိုမဆို ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ နှိပ်စက်ခြင်း၊ အဓမ္မစေခိုင်းခြင်း၊ တိုင်းရင်းသား လူမျိုးများအကြား ပဋိပက္ခဖြစ်စေနိုင်မည့် အပြုအမူ၊အပြောအဆို အရေးအသားပြုလုပ်ခြင်းမှုဝါဒ မရှိသကဲ့သို့ ပြုမူဆောင်ရွက်ပါကလည်း အမြဲမပြတ် တားဆီးဟန့်တား အရေးယူဆောင်ရွက်လျက်ရှိပါသည်။

၄။ ထို့အပြင် မိမိ၏ မဟာမိတ်တပ်ဖွဲ့ဖြစ်သော SSPP/SSA နှင့် တိုက်ပွဲဖြစ်သည်ဟု ရေးသားဖော်ပြခြင်းသည်လည်း တိုင်းရင်းသား မဟာမိတ်တပ်ဖွဲ့အကြား အချင်းချင်းသွေးကွဲစေသည့် အသုံးအနှုန်းဖော်ပြခြင်း၊ ဗဟုသုတအားနည်းသည့် ပြည်သူများပါ တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေးအကြား အထင်အမြင်လွဲမှားစေနိုင်သည်။

၅။ ထိုနေ့တွင် လူကြီးမင်း၏ဌာနမှ သတင်းထောက် နေသူရိန်လင်းမှ မိမိပြန်ကြားရေးဌာနထံ PSLF/TNLA နှင့် SSPP/SSA အကြား တိုက်ပွဲဖြစ်ပွားမှု ရှိမရှိ ၃ ကြိမ်တိုင်တိုင်သတင်းမေးကာ " တိုက်ပွဲဖြစ်ပွားမှုမရှိကြောင်း မိမိအဖွဲ့အစည်းနှစ်ခုသည် မဟာမိတ်တပ်ဖွဲ့ ဖြစ်သဖြင့် ဖြစ်စရာအကြောင်းလည်းမရှိကြောင်း" အကြိမ်တိုင်းတွင် ပြန်လည်ဖြေကြားခဲ့သော်လည်း သတင်းတွင် TNLA နှင့် SSPP/SSA တိုက်ပွဲဖြစ်ပွားသည်ဟု တပ်ဖွဲ့နှစ်ခုအကြား သွေးကွဲစေသည့် ရေးသားချက်ပါ ဖော်ပြထားသည်ကိုလည်း တွေ့ရှိရပါသည်။

၆။ ဤကဲ့သို့လူကြီးမင်းဌာန၏ မမှန်သတင်းရေးသားဖော်ပြခြင်းနှင့် နိုင်ငံဝန်ထမ်းတစ်ဦးဖြစ်သည့် ပြည်နယ်အဆင့် ရဲမှူးကြီးတစ်ဦးမှ အခြေအမြစ်မရှိသော သတင်းဖြေကြားမှုသည် လက်ရှိအစိုးရအကောင်အထည်ဖော်ဆောင်နေသည့် အမျိုးသားပြန်လည် ရင်ကြားစေ့ရေး နှင့် ပြည်တွင်းငြိမ်းချမ်းရေးပါ ထိခိုက်စေနိုင်ပါသည်။

၇။ ယခုကဲ့သို့ သတင်းအခိုင်အမာမရှိဘဲ လူကြီးမင်းတို့၏ သတင်းဌာန ရေးသားဖော်ပြချက်သည် မိမိအဖွဲ့အစည်း၏ ဂုဏ်သိက္ခာ၊ အဖွဲ့အစည်းအပေါ် ပြည်သူလူထု၏ ယုံကြည်မှုကျဆင်းစေရုံသာမက ရှမ်းလူမျိုးနှင့် တအာင်း(ပလောင်) လူမျိုးအကြား ပဋိပက္ခပါဖြစ်ပွားလာနိုင် သကဲ့သို့ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးမဟာမိတ်အကြား ပဋိပက္ခဖြစ်ပွားစေရန်သွေးထိုး ရေးသားနေသည့် သတင်းဌာနလည်း ဖြစ်စေနိုင်သည်။

၈။ သို့ဖြစ်ပါ၍ မန္တလေးအလင်း နေ့စဉ်သတင်းစာ၏ ၂၀၁၆ ခုနှစ် ဖွန်လ ၄ ရက်နေ့ သတင်းမှားရေးသားဖြန့်ဝေမှုအား ပြန်လည်ပြုပြင်ပေးပါရန်နှင့် နောက်နောင်တွင် လူမျိုးအချင်းချင်းအမုန်းပွားစေမည့် သတင်းမှားများ ရေးသားဖြန့်ဝေခြင်း မပြုလုပ်ရန် အလေးအနက် မေတ္တာရပ်ခံ သတိပေးအကြောင်းကြားလိုက်သည်။

ဗိုလ်မှူးမိုင်းအိုက်ကျော်

သတင်းနှင့်ပြန်ကြားရေးဌာနမှူး

PSLF/TNLA

# RCSS/SSA တပ်ဖွဲ့ ကျူးကျော်စခန်းတစ်ခုအား တအာင်းတပ်မှ ထပ်မံရှင်းလင်း




၂၀၁၆ ခုနှစ် ဖွန်လ ၆ ရက်

ယနေ့ နံနက် ၀၉း၂၀ နာရီအချိန်တွင် တအာင်းဒေသ၊ တပ်မဟာ(၂)နယ်မြေ၊ကျောက်မဲမြို့နယ်၊ ပန်ကွမ်ကျေးရွာ အထက်ဖက်ရှိ RCSS/SSA တပ်ဖွဲ့မှ ကျူးကျော် စခန်းချထားသည့် တောင်ကုန်းတစ်ခု၌ တအာင်းတပ်မတော်တပ်ရင်း (၇၁၇/၉၈၇) တပ်ဖွဲ့ဝင်တစ်ချို့နှင့် RCSS/SSA တပ်ဖွဲ့တို့ နှစ်ဖက်အပြန်အလှန် တိုက်ပွဲဖြစ်ပွားကာ နေ့လည်၁၁း၀၀နာရီ အချိန်တွင် အဆိုပါစခန်းအား တအာင်းတပ်မတော်မှ ရှင်းလင်းနိုင်ခဲ့သည်။

တိုက်ပွဲတွင် တအာင်းတပ်မတော်ဖက်မှ ထိခိုက်ကျဆုံးမှုမရှိပဲ RCSS/SSA တပ်ဖွဲ့ဖက် ထိခိုက်ကျဆုံးမှုမသိခဲ့ရကြောင်း သတင်းပေးပို့ထားပါသည်။ RCSS/SSA တပ်ဖွဲ့သည် အဆိုပါဒေသ၌ ကျူးကျော်စခန်းချကာ ခရီးသွားမိဘပြည်သူများထံ ဆက်ကြေးကောက်ခံခြင်း၊ ခရီးသွားလာပြည်သူများအား ဖမ်းဆီးစစ်ဆေးခြင်း၊ အများပြည်သူလုပ် ကိုင်စားသောက်သည့် လယ်ယာအတွင်းနှင့် ပတ်ဝန်းကျင်တွင် မိုင်းများထောင်ထားသည်။

## တအာင်းတပ်မတော်နှင့် RCSS/SSA တပ်ဖွဲ့တို့ တိုက်ပွဲဆက်လက်ဖြစ်ပွား

၂၀၁၆ ခုနှစ် ဖွန်လ ၁၃ ရက်

တအာင်းဒေသ၊ တပ်မဟာ(၃)နယ်မြေ၊ မန်တုံမြို့နယ်၊ တာလက်ကျေးရွာ အထက် ယနေ့ ဖွန်လ ၁၃ ရက် နံနက် ၀၇း၃၀နာရီ အချိန်တွင် တအာင်းတပ်မတော် တပ်ရင်း ၁၈၉ နှင့် RCSS/SSA တပ်ဖွဲ့တို့ နှစ်ဖက်ရင်ဆိုင် တိုက်ပွဲဖြစ်ပွားခဲ့သည်။ တိုက်ပွဲတွင် နှစ်ဖက်ထိခိုက်ကျဆုံးမှု မသိရသေးပါ။

RCSS/SSAတပ်ဖွဲ့သည်နမ့်တူမြို့နယ်ဖက်မှတအာင်းတပ်မတော်တည်ရှိရာသို့ ထိုးစစ်ဆင်ပြီး တက်လာရာမှ နှစ်ဖက် ရင်ဆိုင်တိုက်ပွဲ ဖြစ်ပွားရခြင်းဖြစ်သည်။ အဆိုပါဒေသတွင် RCSS/SSA တပ်ဖွဲ့မှ လွန်ခဲ့သည့်ရက်တွင် အပြစ်မဲ့ တအာင်းရွာသား အယောက် ၄၀ ဝန်းကျင် ဖမ်းဆီးခေါ်ဆောင်သွားပြီး ဖမ်းဆီးခေါ်ဆောင်သွားသူ အချို့အသတ်ခံရကြောင်း သိရှိရပါသည်။



# RCSS/SSA ကျူးကျော်စခန်း ၂ခုအား TNLAမှ ထပ်မံရှင်းလင်းနိုင်ခဲ့



၂၀၁၆ ခုနှစ် မေလ ၆ ရက် တအာင်းဒေသအတွင်းသို့နယ်မြေကျူးကျော်ဝင်ရောက်လာသည့် RCSS/SSA တပ်ဖွဲ့နှင့် တအာင်းတပ်မတော်တို့အကြား ယနေ့ မေလ၆ရက်နေ့၌ တိုက်ပွဲ ၂နေရာ ထပ်မံဖြစ်ပွားခဲ့သည်။ ယနေ့တိုက်ပွဲတွင် RCSS/SSA တပ်ဖွဲ့၏ ကျူးကျော်စခန်း ချထားသည့် နေရာ ၂ ခုအား ထပ်မံရှင်းလင်း တိုက်ထုတ်နိုင်ခဲ့သည်။

မေလ ၁ ရက်နေ့မှ ယနေ့ မေလ ၆ ရက်နေ့အထိ တအာင်းတပ်မတော်နှင့် RCSS/SSA တိုက်ပွဲ နေ့စဉ်ဖြစ်ပွားကာ ထိတွေ့တိုက်ခိုက်မှုပေါင်း ၂၃ ကြိမ်ရှိပြီး မေလ ၂ ရက်နေ့တွင် တအာင်းဒေသအတွင်း ကျူးကျော်စခန်းချထားသည့် မန်ဝန်းရွာအနီး ကျူးကျော်စခန်း ၂ ခု၊ မေလ ၄ ရက်နေ့တွင် တာပုန်ရွာအထက် စေတီကုန်းတောင်စခန်း၊



မေလ၅ ရက်နေ့တွင် ဆိုင်းလိန်ရွာနှင့် လွယ်ဟွမ်ရွာအထက် ကောင်းဆိုင်တောင် စခန်း၊ ယနေ့ မေလ ၆ ရက်နေ့၌ ကျန်ရှိနေသေးသည့် ဟိုပန်ရွာအထက်တောင်ကုန်းနှင့် မန်ဝန်းရွာအောက်ဖက် နမ့်ပုံအထက် တောင်ကုန်းတို့၌တည်ရှိသော RCSS/SSA ကျူးကျော်စခန်း ၂ခုထပ်မံရှင်းခဲ့ရာ ထိုဒေသရှိ RCSS/SSA ကျူးကျော် တည်ဆောက်ထားသည့် တပ်စခန်းများအားလုံး ရှင်းလင်းဖယ်ရှား နိုင်ခဲ့သည်။

စခန်းအတွင်း RCSS/SSA တပ်ဖွဲ့၏ အလောင်း ၃လောင်း၊ ခဲယမ်းမီးကျောက်၊ စစ်ဝတ်တန်ဆာပစ္စည်း၊ ရိက္ခာ၊ဆန်၊ ဆိုလာပြားနှင့်ဆောက်လုပ်ရေးပစ္စည်းများ သိမ်းဆည်း ရမိသည်။ ယနေ့တိုက်ပွဲသည် နံနက် ၀၉း၀၀ နာရီမှ ၁၁း၂၅နာရီ အချိန်ထိ တပ်မဟာ(၃) နယ်မြေ၊ နမ့်ခမ်းမြို့နယ်၊ ဟိုပန်ရွာအထက်



တောင်ကုန်းပေါ်၌လည်းကောင်း၊ ၀၉း၀၀ နာရီမှ၁၂း၀၀ နာရီ အထိ တပ်မဟာ(၁)နယ်မြေ၊ နမ့်ခမ်းမြို့နယ်၊ မန်ဝန်းရွာ အောက်ဖက် နမ့်ပုံချောင်းအထက် တောင်ကုန်းပေါ်၌၎င်း နေရာအသီးသီးတွင် တိုက်ပွဲဖြစ်ပွားခဲ့သည်။ RCSS/SSA တပ်ဖွဲ့မှ ယခုတိုက်ပွဲဖြစ်ပွားရာ ဒေသ၌ကျူးကျော်စခန်းချ အခြေပြုထားပြီးဒေသခံ ပြည်သူများအား ဖမ်းဆီးစစ်ဆေးခြင်း၊ ဖမ်းဆီးချုပ်နှောင်ခြင်း၊ ငွေကြေးအဓမ္မကောက်ခံခြင်း၊ လူထုစားနပ်ရိက္ခာသယ်ဆောင်မှု ကန့်သတ်ခြင်း၊ ကုန်သွယ်မှုနှင့် ခရီးသွားလာမှုများ ပိတ်ပင်ကန့်သတ် ခြင်းအစရှိသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ ပြုလုပ်နေသဖြင့် လူအများကသွားလာမှုပင် မဝံ့မရဲဖြစ်နေရသော တာပုန်-ဆိုင်းလိန်-လွယ်ဟွမ်-မန်စံ-မိုင်းဝီး လမ်းကြောင်း၊ လောနော်-ဟိုပန်-မိုင်းဝီးလမ်း၊ အွယ်လော-မန်ဝန်း -ပန်ကနိုင်း-မိုင်းဝီးလမ်းကြောင်းများ အားလုံးကို ယနေ့မေလ ရက်နေ့၌ ရှင်းလင်းဖယ်ရှားနိုင်ခဲ့သည်။





# နမ့်ဆန်မြို့နယ် တိုက်ပွဲတွင် မြန်မာ့တပ်မတော်ဘက်မှ ၈ဦးကျ

၂၀၁၆ ခုနှစ် ဇွန်လ ၃၀ ရက်နေ့

တအာင်းဒေသ၊ တပ်မဟာ (၂) နယ်မြေ၊ နမ့်ဆန်မြို့နယ်၊ တောင်သုံးဆယ်ကျေးရွာအနီးတွင် ဇွန်လ ၃၀ ရက် နေ့လည် ၁၂း၀၀ နာရီမှ ၁၂း၃၀ နာရီအထိ တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA) တပ်ရင်း (၂၅၆)နှင့် မြန်မာ့တပ်မတော် စကခ-၁ (ကျောက်မဲ)လက်အောက်ခံတပ်ရင်းတို့ တိုက်ပွဲဖြစ်ပွါးခဲ့သည်။ တိုက်ပွဲတွင် မြန်မာ့တပ်မတော်ဘက် (၈)ဦးကျ ဆုံးပြီး၊ (၁)ဦး ဒဏ်ရာရရှိသည်။



တိုက်ပွဲအပြီးတွင် မြန်မာ့တပ်မတော်က နမ့်ဆန်မြို့တပ်စခန်းမှနေ၍ (၁၀၅)မမဖြင့် တိုက်ပွဲဖြစ်သည့်နေရာနှင့် ကျေးရွာ အနီးဝန်းကျင်သို့ ယခုအချိန်ထိ အဆက်မပြတ်ပစ်ခတ်နေဆဲဖြစ်သည်။ လူ၊ တိရိစ္ဆာန်၊ အဆောက်အဦး ထိခိုက်မှု ရှိမရှိ မသိရှိရ သေးပါ။ မြန်မာ့တပ်မတော်သည် ယခုတလော တအာင်းတပ်မတော်တည်ရှိရာသို့ အဆက်မပြတ်ထိုးစစ်ဆင် လိုက်လံ တိုက်ခိုက်လာမှုကြောင့် နှစ်ဖက်ထိတွေ့တိုက်ခိုက်မှု ပိုမိုများပြားလာသည်။

## တအာင်းတပ်မတော်နှင့် မြန်မာ့တပ်မတော်တို့ မန်တုံမြို့နယ်တွင် တိုက်ပွဲဖြစ်ပွား

၂၀၁၆ ခုနှစ် ဇွန်လ ၂၅ ရက်

တအာင်းဒေသ၊ တပ်မဟာ (၁) နယ်မြေ၊ မန်တုံမြို့နယ်၊ အွယ်လောကျေးရွာ အထက် ဘော်ဟိုကျွန်း တောင်ကြောပေါ် တွင် ဇွန်လ ၂၅ရက် နေ့လည် ၁၃း၁၅မှ ၁၅ နာရီ ၃၀ အထိ တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် TNLA တပ်ရင်း (၄၇၈) နှင့် မြန်မာ့တပ်မတော် တပ်မ ၃၃ တို့ နှစ်ဖက် ရင်ဆိုင် တိုက်ပွဲဖြစ်ပွားခဲ့သည်။ တိုက်မိပွဲတွင်တအာင်းတပ် မတော်ဖက် ထိခိုက်ကျဆုံးမှုမရှိပါ။ မြန်မာ့တပ်မတော်ဖက် (၂)ဦး ကျဆုံးပြီး၊ ဒဏ်ရာရရှိမှု မသိရသေးပါ။

သတင်းနှင့်ပြန်ကြားရေးဌာန၏ "တဆောင်" အား လစဉ်ထုတ်ဝေသွားမည် ဖြစ်ပါကြောင်းတအာင်းမိဘပြည်သူများအား အသိပေးအပ်ပါသည်။

## TNLAနှင့် မြန်မာ့တပ်မတော် ကျောက်မဲ မြို့နယ်တွင် တိုက်ပွဲထပ်မံဖြစ်ပွား

၂၀၁၆ ခုနှစ် ဇွန်လ ၂၉ ရက်နေ့

တအာင်းဒေသ၊တပ်မဟာ(၂)နယ်မြေ၊ကျောက်မဲမြို့နယ်၊ ပန်လောကျေးရွာနှင့် ပါလိုင်ကျေးရွာအကြားတွင် ဇွန်လ ၂၉ ရက် နံနက် ၀၉း၅၅ နာရီမှ ၁၁း၀၀ နာရီအထိ တအာင်းအမျိုး သားလွတ်မြောက်ရေးတပ်မတော် တပ်ရင်း(၅၉၃/၉၈၇) နှင့် မြန်မာ့တပ်မတော် ခမရ-(၅၀၅) တို့နှစ်ဘက်ရင်ဆိုင် တိုက်ပွဲ ဖြစ်ပွားခဲ့သည်။

တိုက်ပွဲတွင် တအာင်းတပ်မတော်ဖက် ထိခိုက်ကျဆုံးမှုမရှိပဲ မြန်မာ့တပ်မတော်ဖက် ထိခိုက်ကျဆုံးမှုရှိပြီး ထိခိုက်မှုအသေး စိတ် မသိရှိရသေးကြောင်း သိရှိရပါသည်။ အဆိုပါဒေသတွင် မြန်မာ့တပ်မတော်မှ တအာင်းတပ်မတော်အား အပြင်းအထန် ထိုးစစ်ဆင် လိုက်လံတိုက်ခိုက်ရန်ရှိပြီး တိုက်ပွဲများပိုမိုပြင်း ထန် လာနိုင်ဖွယ်ရှိကြောင်း သတင်းပေးပို့သူထံမှ သိရပါသည်။

## RCSS/SSA တပ်ဖွဲ့မှပြည်သူလူထုအားဦးတည်မိုင်းထောင်

၂၀၁၆ ခုနှစ် ဇွန်လ ၂ ရက်

RCSS/SSAတပ်ဖွဲ့သည်ပြည်သူလူထု သွားလာသည့်လယ်ယာ၊လက်ဖက်ခင်း သွားလမ်းနှင့် အနီးဝန်းကျင်အား မိုင်းများထောင်ထားကာ ပြည်သူလူထုလုပ်ငန်း လုပ်ကိုင်စားသောက်ရန် လုပ်ငန်းခွင်ဖြစ်သည့် လယ်ယာ၊လက်ဖက်ခင်း အနီးဝန်းကျင်နှင့် သွားလာသည့်လမ်းများပေါ်တွင် ပြည်သူလူထုထိခိုက်စေရန် ဦးတည်ပြီး မိုင်းများထောင်ထားသည်။ယနေ့ နမ့်ခမ်းမြို့နယ် ခဝါချက်အုပ်စု နောင်အန်ကျေးရွာအတွင်းရှိ RCSS/SSA တပ်ဖွဲ့ ထောင်ထားသည့်မိုင်း ထပ်မံတွေ့ရှိကာ သက်ဆိုင်ရာသို့ အကြောင်းကြား ရှင်းလင်းခဲ့ကြောင်းသိရှိရသည်။ ဇွန်လ ၁ ရက်နေ့တွင်လည်း RCSS/SSA ထောင်ထားသည့်မိုင်း နင်းမိ၍ ကြူဆိုင်း ရွာသားတစ်ဦး အသက်ဆုံးရှုံးခဲ့ရသည်။

## RCSS/SSA တပ်ဖွဲ့မှ ထောင်ထားသည့် မိုင်းနင်းမိ၍ ရွာသားတစ်ဦးသေဆုံး

2016 ခုနှစ် ဇွန်လ ၁ ရက်

နမ့်ခမ်းမြို့နယ်၊ကြူဆိုင်းကျေးရွာမိုင်းလုမ်အောင်ကြည်အဘဦးယိုင်ခမ်း ၊ အမိ ဒေါ်အိုင်မွမ်း အသက်(၂၂)နှစ်သည် ဇွန်လ (၁) ရက်နေ့ မနက်(၁၁း၀၀) နာရီအချိန်ခန့်တွင်၎င်း၏ မီးသွေးတွင်းသို့သွားစဉ် လမ်းခရီး၌ RCSS/SSAထောင်ထားသည့်မိုင်းနင်းမိမှုကြောင့်ထိုနေရာတွင် သေဆုံးခဲ့သည်။ သတင်း အချက်အလက် အသေးစိတ်အား စုံစမ်းလျက်ရှိသည်။



## RCSS/SSAတပ်ဖွဲ့မှ အပြစ်မဲ့တအာင်းရွာသား၂ဦးအား သတ်ဖြတ်

၂၀၁၆ ခုနှစ် ဇွန်လ (၃)ရက်

တအာင်းဒေသ၊နမ့်ခမ်းမြို့နယ်၊မန်အောင်ကျေးရွာသား(၂)ဦးဖြစ်သည့်မိုင်းအိုက်ထွန်းဦး(အဘ)ဦးလုမ်စုမ်အသက်(၃၂)နှစ်နှင့်မိုင်းညီဂျားဝင်း(ခေါ်)မိုင်းညီပွါ(အဘ)ဦးညီစံကားအသက်(၃၄)နှစ် တို့နှစ်ဦးအား ဇွန်လ၊၁ရက်နေ့ည နောင်အန်ကျေးရွာတရားပွဲ အပြန်တွင်RCSS/SSAတပ်ဖွဲ့မှ ဖမ်းဆီးခဲ့သည်။ အဆိုပါရွာသားနှစ်ဦးသည် ယနေ့ဇွန်လ (၃)ရက်နေ့၌ နောင်အန်ကျေးရွာနှင့် မန်အောင်ကျေးရွာကြားတွင် RCSS/SSA တပ်ဖွဲ့မှ ကြိုးတုတ်ပြီး ဓါးဖြင့်ခုတ်သတ်ခဲ့ကြောင်း ကျေးရွာသားမှ ပြန်လည်တွေ့ရှိပြီးသက်ဆိုင်ရာသို့အကြောင်းကြားကာ အလောင်းအားကျေးရွာသို့ ပြည်လည်သယ်ဆောင်လာခဲ့သည်ဟု သိရသည်။ RCSS/SSAတပ်ဖွဲ့သည် အဆိုပါဒေသ၌ လူထုအသက်အန္တရာယ်ရှိစေရန်ရည်ရွယ်၍ အများပြည်သူသွားလာသည့် နေရာ၊



လက်ဖက်၊ခင်းယာခင်း အတွင်းနှင့်လမ်းများတွင် မိုင်းထောင်ထားကာ ဇွန်လ ၁ရက်နေ့တွင် ကြူဆိုင်းရွာသား တစ်ဦးမှ မိုင်းနင်းမိ၍ ထိုနေရာတွင် သေဆုံးခဲ့သည်။

## တအာင်းဒေသအတွင်း RCSS/SSA တပ်ဖွဲ့၏ လူ့အခွင့်အရေးချိုးဖောက်မှုများ

၂၀၁၆ ခုနှစ် မေလ ၂ ရက်

မတ်လနှင့် ဧပြီလအတွင်း တအာင်းဒေသတွင် ဒေသနေပြည်သူများ၏ စားဝတ်နေရေးအတွက် အားထားရသော လက်ဖက်ခူး ရာသီဖြစ်သဖြင့် တိုက်ပွဲဖြစ်ပွားမှုမရှိစေရေး တအာင်းတပ်မတော်ဖက်မှ ရှောင်ကာ RCSS/SSA တပ်ဖွဲ့မှ တအာင်းတပ်မတော် လှုပ်ရှားနယ်မြေအတွင်းသို့ နယ်မြေပိုမိုတိုးချဲ့လှုပ်ရှားလာခြင်း၊ အနိုင်အမာတပ်စခန်းတည်ဆောက်လာခြင်း၊ တအာင်းပြည်သူလူထု၏ လူမှု/စီးပွား/ဘဝလုံခြုံရေး ကန့်သတ်ပိတ်ပင်မှုစသော လူ့အခွင့်အရေးချိုးဖောက်မှုများ ပိုမိုပြုလုပ်လာကာ RCSS/SSA တပ်ဖွဲ့၏ လူ့အခွင့်အရေး ချိုးဖောက်မှုတချို့မှာ

(က) တောင်ပေါ်ဒေသ၏ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့် တစ်နှစ်စာ စားသုံးရန်ဆန်များကို ပွင့်လင်းရာသီတွင်သာ သယ်ဆောင်စုဆောင်းလေ့ရှိသော်လည်း RCSS/SSA တပ်ဖွဲ့မှ လူတစ်ဦး ဆန် ၄/၅ပြည်အထက်သယ်ဆောင်ခြင်း၊ ဆီ ၀.၇၅ဆံ့ပုလင်း၁ပုလင်းအထက်သယ်ဆောင်ခြင်း၊ ဆား၁ထုပ်အထက်သယ်ဆောင်ခြင်း မပြုရဟု တားဆီးပိတ်ပင်ခြင်း၊

(ခ) နယ်မြေအတွင်း မိသားစုစားဝတ်နေရေးမီးသွေးဖုတ်ခြင်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်း ပြုလုပ်နေသူများအား RCSS/SSA တပ်ဖွဲ့မှ မီးသွေးဖုတ်ခြင်းမပြုလုပ်ရ၊ သယ်ဆောင်ခြင်းမပြုရ၊ သယ်ဆောင်သွားလာရောင်းဝယ်မှု စစ်ဆေးတွေ့ရှိသည့်အခါတွင် မတရားအဏ်ရိုက် ဆတ်ကြေးကောက်ခံခြင်း၊

(ဂ) တစ်ပိဿာလျှင် ၂၀၀၀/၃၀၀၀ကျပ် ဈေးသာရရှိသည့် ဒေသထွက် လက်ဖက်ခြောက်တစ်ပိဿာ အပေါ်တွင် RCSS/SSA တပ်ဖွဲ့မှ ဆက်ကြေး ၁၀၀၀ ကျပ်ကောက်ခံနေခြင်း၊

(ဃ) ပြည်သူလူထု၏ လမ်းပန်းဆက်သွယ်ရေး ခက်ခဲစေရန် လမ်းမကြီးအား RCSS/SSA တပ်ဖွဲ့မှ မြောင်းတူးဖျက်တောက်ပစ်ခြင်း၊

(င) ဒေသခံပြည်သူလူထုမှ ဆောက်လုပ်ရေးလုပ်ငန်းတွင် အသုံးပြုရန် စိုက်ပျိုးထားသည့် ဝါးပိုးများအား ယင်းတို့၏စခန်းဆောက်လုပ်ရန်အတွက် မတရားခုတ်ယူခြင်း၊


(စ) ကျေးရွာအတွင်း ရောက်ရှိလာပါက လူနေအိမ်များအတွင်း ဝင်ရောက်မွှေနှောက်ကာ ပစ္စည်းများမတရား ယူဆောင်သွားခြင်း၊ အိမ်မွေးတိရိစ္ဆာန်များ သတ်ဖြတ်စားသုံးခြင်း၊

(ဆ)RCSS/SSAရှိသည့်ဒေသအတွင်း တအာင်းလူထုများဖြတ်သန်းသွားလာပါက မတရားဖမ်းဆီးစစ်ဆေးခြင်း၊ ဖမ်းဆီးချုပ်နှောင်ထားခြင်း၊
(ဇ) ကျေးရွာအတွင်း တစ်အိမ်လျှင် RCSS/SSA စစ်သားများအား ၂၀/၃၀ ဦးနေထိုင်စေပြီး အိမ်ရှင်များမှ အခမဲ့ထမင်းကျွေးမွေးစေခြင်း၊
(ဈ) တအာင်းဘာသာဖြင့် ရေးသားထားသည့် တအာင်းကျေးရွာဆိုင်းဘုတ်များအားဖျက်ဆီးပစ်ခြင်း၊
(ည) ပြည်သူများလုပ်ကိုင်စားသောက်မှု ခက်ခဲစေရန် အများပြည်သူသွားလာသည့်လမ်း၊ လက်ဖက်ခင်းအတွင်း မြေမြှုပ်မိုင်းများထောင်ထားခြင်း၊ လယ်/ယာတဲနှင့် လက်ဖက်ခြံတဲများမီးရှို့ဖျက်ဆီးပစ်ခြင်း၊
(ဋ) ယင်းတို့သွားလာလှုပ်ရှားသည့် ဒေသအတွင်း မူးယစ်ဆေးဝါးရောင်းချပေးမှုကြောင့် ဒေသခံများ မူးယစ်ဆေးဝါးသုံးစွဲမှုပိုမိုများပြားလာခြင်း၊ မူဆယ်မြို့နယ်၊ မန်ဟီးရိုးမြို့နယ်ခွဲ တွန်ပေါးကျေးရွာတွင် ဘိန်းဖျက်စခန်းဟု အကြောင်းပြကာ ပြည်သူလူထုများ မတရားဖမ်းဆီးချုပ်နှောင်ထားခြင်း၊ ဖမ်းဆီးထားသူများဖြင့် ထိုစခန်း၌ပင် မူးယစ်ဆေးဝါးများထုတ်လုပ်စေခြင်း၊ စသောလူ့အခွင့်အရေးချိုးဖောက်မှုများ မျိုးစုံပြုလုပ်လာသဖြင့် ဒေသခံပြည်သူလူထု၏ တောင်းဆိုချက်အရ တအာင်းတပ်မတော်မှ နယ်မြေစိုးမိုးရေးလုပ်ငန်း လုပ်ဆောင်လာရာမှ နစ်ဖက်ရင်ဆိုင်တိုက်ပွဲပြန်လည်ဖြစ်ပွားရခြင်းဖြစ်သည်။

## RCSS/SSA တပ်ဖွဲ့မှ အပြစ်မဲ့ရွာသားများအား ထပ်မံဖမ်းဆီး

၂၀၁၆ ခုနှစ် ဖွန်လ ၁၂ ရက်

၂၀၁၆ ခုနှစ်ဖွန်လ ၁၀ ရက်နေ့တွင် RCSS/SSA တပ်ဖွဲ့မှ ဆွမ်ပဟတ်ကျေးရွာသို့ ရောက်ရှိလာပြီး ယင်းကျေးရွာရှိ ပြောင်းဖူးခြံ လုပ်ကိုင်နေသည့် (၁) ကွန်ကား၊ (၂) တားကွန်ထွန်း၊ (၃) လာက၊ (၄) အယိုင်စီ၊ (၅) အငိုစစ်၊ (၆) ညီကာ၊ (၇) ထက်ကျော်၊ (၈) ရဲလှမင်း၊ (၉) နိုင်ဟိန်းဌေး တအာင်းပြည်သူ (၉) ဦးအားထပ်မံဖမ်းဆီးသွားခဲ့သည်။ ၎င်းအပြင် နေအိမ် ၃လုံးတို့အားဖျက်ဆီးခဲ့ပြီး ဆန် ၁၀တင်း၊ ဆွဲကြိုး ၁ကုန်း (တန်းဖိုး ၇၀၀၀၀ ကျပ်)၊ ကြက်၁၈ကောင်၊ အင်ဂျင်စက် ၁ လုံး ( တန်းဖိုး ၆၇၀၀၀၀ကျပ်) နှင့် ရွာသားများဖြစ်သည့် နိုင်ကျော်နှင့် နိုင်ထွန်း တို့ထံမှ ငွေသားတစ်သိန်းခွဲဆီ (စုစုပေါင်း ငွေကျပ်၃၀၀၀၀၀ ကျပ်) တို့အားယူဆောင်သွားကြောင်းသိရပါသည်။ ဖွန်လ ၉ ရက်နေ့အတွင် ဖမ်းဆီး ခေါ်ဆောင်သွားသည့်ရွာသားများထဲမှ မိုင်းအခင်း အပါအဝင် ရွာသား၃ဦးအား RCSS/SSA တပ်ဖွဲ့မှ သတ်ဖြတ်ခဲ့သည်ဟု ပြန်လည်လွတ်မြောက်လာသူထံမှ သိရှိရသည်။



ထို့အပြင်ဒေါ် အေးကြာ၏ ၅နှစ်သားယောကျာ်းနှင့် ၃နှစ် အရွယ်သမီးတို့မှာလည်း ထို့နေ့တွင်ပျောက်ဆုံးလျှက် ရှိကြောင်းသိရှိရပါသည်။

## RCSS/SSA တပ်ဖွဲ့တအာင်းရွာသားအယောက် ၃၀ကျော်အား ဖမ်းဆီးခေါ်ဆောင်

၂၀၁၆ ခုနှစ် ဖွန်လ ၉ ရက်

တအာင်းဒေသ၊ မန်တုံမြို့နယ်၊ ဘွမ်စွန်ကျေးရွာတွင် ဖွန်လ၈ ရက်နေ့ မနက်၁၁း၀၀နာရီအချိန် RCSS/SSAတပ်ဖွဲ့ ရောက်လာပြီး ကျေးရွာသို့ပြောင်းဖူးခင်း သွားလုပ်ကိုင်နေသည့် တအာင်းရွာသား(၃၀)ကျော်အား ဝင်ရောက်ဖမ်းဆီး ခေါ်ဆောင်သွားခဲ့သည်။

ဖမ်းဆီးခေါ်ဆောင်သွားသည့်ရွာသားများမှာ(၁)မိုင်းနိုင်ထွန်း၊ (၂)မိုင်းလှမ်ဒွဲ၊ (၃)မိုင်းညီခမ်း၊ (၄)မိုင်ညီခင်၊ (၅)မိုင်းအိုင်လွန်း၊ (၆)မိုင်းအိုင်ကောင်း၊ (၇) မိုင်းယိုင်ကျိန် ဂုံဂျကျေးရွာ (၈) မိုင်းလှမ်ခ၊ (၉) မိုင်းနိုင်ထွန်း၊ (၁၀)မိုင်းနိုင်ဦး၊ (၁၁)မိုင်းအောင်မြင့်၊ (၁၂)မိုင်းမှိုင်ငင်း၊ (၁၃)မိုင်းညီကာစ်၊ (၁၄)မိုင်းညီခမ်းလွန်း၊ (၁၅)



မိုင်းအိုက်ခမ်း၊ လွယ်မွန်းကျေးရွာ (၁၆)မိုင်းကျမ်ယွမ်း၊ (၁၇)မိုင်းယိုင်ခွန်၊ (၁၈)မိုင်းအိုက်မောင်၊ (၁၉)မိုင်းဆာဦး၊ (၂၀)မိုင်းယိုင်တို၊ (၂၁)မိုင်းညီယွန်း ဂုံကာလန်းကျေးရွာ၊ (၂၂) မိုင်းယိုင်ကျင်လွယ်ကန်ကျေးရွာ၊ (၂၃)မိုင်းညီမောင် မန်အီကျေးရွာတို့ ၂၃ဦးနှင့် အမည်မသိရသေးသည့် ရွာသားများ စုစုပေါင်း (၃၀) ကျော်ဖမ်းဆီးခေါ် ဆောင်သွားခဲ့သည်။ ယင်းကျေးရွာအတွင်း မွေးမြူထားသည့် ကြက်များလည်း လုယူသတ်ဖြတ် စားသုံးခဲ့သည်။ RCSS/SSA တပ်ဖွဲ့သည် ထိုဒေသရှိ ဒေသခံများအား ယင်းတို့စားသုံးရန်ရိက္ခာများ၊ သောက်သုံးရေများပါ ကျေးရွာလူထုများအား အခကြေးငွေမပေးဘဲ အလှည့်ကျလာရေးပေးပို့နိုင်းလျှက်ရှိသည်။

## TNLA နှင့်ဖွန်လ ၉ရက်နေ့တွင်စတင်ပြီး ဖြစ်ပွားခဲ့သောတိုက်ပွဲများအကျဉ်းချုပ်

| စဉ် | TNLA Vs RCSS/SSA | မြို့နယ် | ကြိမ်ရေ | တိုက်ပွဲဖြစ်ပွားခဲ့သည့်နယ်မြေများ |
|---|---|---|---|---|
| ၁ | | နမ့်ခမ်း | ၁ကြိမ် | တပ်မဟာ(၃)နယ်မြေ |
| ၂ | | သီပေါ | ၂ကြိမ် | တပ်မဟာ(၂)နယ်မြေ |
| ၃ | | မန်တုံ | ၇ကြိမ် | တပ်မဟာ(၃)နယ်မြေ |
| | စုစုပေါင်း | | ၁၀ကြိမ် | |

| စဉ် | TNLA နှင့်မြန်မာ့တပ်မတော် | မြို့နယ် | ကြိမ်ရေ | တိုက်ပွဲဖြစ်ပွားခဲ့သည့်နယ်မြေများ |
|---|---|---|---|---|
| ၁ | | နမ့်ခမ်း | ၁ | တပ်မဟာ(၃)နယ်မြေ |
| ၂ | | ကွတ်ခိုင် | ၃ | တပ်မဟာ(၅)နယ်မြေ |
| ၃ | | ကျောက်မဲ | ၄ | တပ်မဟာ(၂)နယ်မြေ |
| ၄ | | နမ့်ဆန် | ၂ | တပ်မဟာ(၂)နယ်မြေ |
| ၅ | | မန်တုံ | ၂ | တပ်မဟာ(၃)နယ်မြေ |
| | စုစုပေါင်း | | ၁၂ကြိမ် | |

# ၂၁ ရာစုပင်လုံနဲ့ တအာင်း ( ပလောင် ) နိုင်ငံရေး

## (က) ၂၁ ရာစုပင်လုံညီလာခံ ဆိုတာဘာလဲ

ဒေါ်အောင်ဆန်းစုကြည် နိုင်ငံတော်အတိုင်ပင်ခံ ပုဂ္ဂိုလ်ဖြစ်လာခဲ့လို့သာ ၂၁ ရာစုပင်လုံညီလာခံကြီးဆိုတာ တကယ်ဖြစ်လာတော့မှာပါလို့မျှော်လင့်လာရတာပါ။အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရမဖြစ်ခဲ့ရင်အရင်တုန်းကလို ဘာညာအမျိုးသားညီလာခံဆိုပြီး ဆယ်စုနှစ်တခုထပ်ဖြုတ်သန်းရမလိုပါပဲ။



ဒေါ်အောင်ဆန်းစုကြည်ရဲ့ ၂၁ ရာစုပင်လုံညီလာခံက ဦးသိန်းစိန်အမွေထားခဲ့တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံနဲ့ အတူတူဆိုရင်မမှားဘူးလို့ ကာယကံရှင်ကိုယ်တိုင်ပြောထားပါတယ်။ ဦးသိန်းစိန်ရဲ့ ပြည်ထောင်စုညီလာခံက အရင် ၉၃ အမျိုးသားညီလာခံနဲ့သိပ်မကွာပါ။ ညီလာခံ ၂ ခုစလုံး ကျင်းပတဲ့အချိန်နဲ့တပြေးညီ တိုင်းရင်းသားဒေသမှာ တိုက်ပွဲတွေဖြစ်ပြီး မြန်မာ့တပ်မတော်က တိုင်းရင်းသားလူမျိုးတွေ သတ်ဖြတ်နေခဲ့ပါတယ်။ ဦးသိန်းစိန် အမွေထားခဲ့တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံနဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်တွေထဲက ကောင်းတာတွေယူမယ် ပြင်ဆင်သင့်တာတွေပြင်ဆင်ပြီး ငြိမ်းချမ်းရေးရရှိအောင် လုပ်မယ်ဆိုတဲ့ မြန်မာအစိုးရသစ်ရဲ့ လုပ်ဆောင်ချက်ကို စောင့်ကြည့်ရတော့မှာပါပဲ။

ဘယ်လောက်ထိလုပ်နိုင်မလဲ၊ မြန်မာ့တပ်မတော်ကရော ဘယ်လောက်ထိ ပူးပေါင်းပါဝင်မလဲ၊ မြန်မာ့တပ်မတော်ကို အစိုးရသစ်က ဘယ်လောက်ထိစည်းရုံးနိုင်မလဲ။ အပြစ်အနာအဆာ ဝေဖန်မှုတွေအမျိုးမျိုးရှိနိုင်ပေမဲ့ နှစ်ပေါင်း ၆၀ ကျော် စစ်မီးပုံကြီးထဲရောက်ပြီး အဖက်ဖက်ချွတ်ခြုံကျနေတဲ့နိုင်ငံကို ဘယ်လိုအကောင်းဆုံး ပြန်တည်ဆောက်ကြမလဲဆိုတာ တကယ် ပွင့်ပွင့်လင်းလင်းဆွေးနွေး အဖြေရှာနိုင်တဲ့ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲကြီး ဖြစ်လာမယ်ဆိုရင်တော့ ၂၁ရာစု ပင်လုံညီလာခံဟာ တိုင်းရင်းသား ပြည်သူလူထုအားလုံးအတွက် မဟာဝမ်းသာစရာကြီးပါ။

ကြိုက်ကြိုက် မကြိုက်ကြိုက် မြန်မာနိုင်ငံရဲ့ နိုင်ငံရေးဖြစ်စဉ်တွေထဲလိုက်ပါ လက်ခံနေကြရတာမို့ ဒီညီလာခံကြီးကနေ ဘယ်သူတွေတက်ပြီး၊ ဘာတွေဆွေးနွေးမလဲ၊ ဘာတွေသဘောတူကြမလဲဆိုတာ အရေးကြီးပါတယ်။ ဒေါ်အောင်ဆန်းစုကြည် ပြောသလို နိုင်ငံရေးပြဿနာနဲ့ နိုင်ငံလုံခြုံရေးဆိုင်ရာ အဓိက ၂ ခုပဲ ဒီညီလာခံကြီးကဆွေးနွေးမယ်ဆိုတာကတော့ တကယ် အားရစရာပါပဲ။

## (ခ) ၂၁ ရာစုပင်လုံညီလာခံမှာ တအာင်းလူမျိုးပါဝင်ခွင့်ရှိနိုင်မလား

သေချာတာကတော့ ၂၀၁၅ ရွေးကောက်ပွဲမှာ မဲနိုင်ထားတဲ့ တအာင်းအမျိုးသားပါတီ TNP ပါဝင်ခွင့်ရမှာပါ။ အခုလည်း အစိုးရဖွဲ့ထားတဲ့ အဲဒီကော်မတီတွေထဲမှာ တအာင်းပါတီ ကိုယ်စားလှယ်တွေပါဝင်လျက်ပါ။ တအာင်း CSOs ကတော့ CSO အခန်းကဏ္ဍကျမှပဲ ပါဝင်ရမယ်ထင်ပါတယ်။ ပါဝင်ခွင့် မသေချာနိုင်သေးတာကတော့ PSLF/TNLA တအာင်းတပ်မတော်ပါ။ မြန်မာ့တပ်မတော်လည်း ထိုးစစ်တွေမလျော့၊ RCSS လည်း ထပ်တိုးလာရင်တော့ တိုက်ပွဲတွေလည်း ဆက်တိုက်ဖြစ်နေတုန်းပါ။

တပ်ချုပ်ကြီး မင်းအောင်လှိုင်ကတော့ တအာင်းတပ်မတော် လက်နက်ချဖို့လိုတယ်။ လက်နက်မချရင် ငြိမ်းချမ်းရေးဖြစ်စဉ်ထဲပါလို့မရဘူး၊ လို့ခပ်ပြတ်ပြတ် ပြောထားပါတယ်။ မြန်မာ့တပ်မတော်ကို မတိုက်ခိုက်တော့ဘူး၊ ဆိုတာကြေညာရမယ်။ လက်နက်စွန့်မယ့် ကတိပေးရမယ် - လို့ အစိုးရရဲ့ငြိမ်းကော်မတီထဲက တပ်ချုပ်လူတွေ ထပ်ပြောပါတယ်။ လက်နက်ချဖို့ဆိုတဲ့ တပ်ချုပ်အမိန့်နဲ့ မတူကွဲပြားသလိုပါပဲ၊ နေရာတနေရာမှာ လက်နက်တွေကို Lock Key လုပ်ရမယ်။ အိုင်ယာလန်ရဲ့ဖြစ်စဉ်ကို အခြေခံ စဉ်းစားတယ်လို့ဆိုပါတယ်။ ဒီလိုလုပ်မှ PSLF/TNLA တအာင်းတပ်မတော် ဒီညီလာခံတက်လို့ရပါမယ်။ မြန်မာ့တပ်ချုပ်ကြီး ပြောတဲ့အတိုင်း လက်နက်ချဖို့ စွန့်ဖို့ လိုက်နာရမယ်ဆိုရင် PSLF/TNLA ဟာ အစကတည်းက တအာင်းတပ်မတော် မတည်ထောင်ပါဘူး။ မြန်မာနိုင်ငံမှာရှိတဲ့ လက်နက်ကိုင်အဖွဲ့တွေအားလုံး လက်နက်စွန့်မယ်၊ ချမယ်ဆိုရင်တော့ စဉ်းစားစရာတခုပါ။ ၂၀၀၅ တုန်းကတခါချပြီးခဲ့တာ နောက်ဆက်တွဲဆိုးကျိုးတွေများလာလို့ တခါပြန်ကိုင်ရတဲ့လက်နက် အလွယ်တကူချဖို့မဖြစ်နိုင်ပါဘူး။ နိုင်ငံရေးသဘောတူချက် ခိုင်ခိုင်မာမာမရှိမချင်း ကိုယ့်လက်နက်ကို ကိုင်စွဲထားရမှာပါပဲ။ အခုထက်ထိတော့ နိုင်ငံတော်အတိုင်ပင်ခံ တာဝန်ပေးထားတဲ့ကော်မတီက တရားဝင်တွေ့ဆုံတာ မရှိသေးပါ၊ UNFC ကိုတွေ့တော့ တအာင်းတပ်မတော်ခေါင်းဆောင်ကိုယ်စားလှယ်တွေ ချင်းမိုင်မှာမရှိတာနဲ့ UNFC ကနုတ်ထွက်ဖို့စာတင်ထားတာကြောင့် အတူတွေ့ခွင့်မရလိုက်ပါဘူး။ ဒီတော့ မြန်မာ့တပ်မတော်နဲ့ မြန်မာ့အစိုးရရဲ့သဘောထားက အတူတူလား။ မရှင်းလင်းသေးပါ။



## (ဂ) ၁၉၄၇ ပင်လုံက တအာင်းလူမျိုးအတွက် ဘယ်လိုအကျိုးပြုခဲ့သလဲ

၁၉၄၇ပင်လုံစာချုပ်ကိုအခြေခံပြုခဲ့လို့ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆိုတဲ့နိုင်ငံဖြစ်လာတယ်။ ပင်လုံစာချုပ်မှာ တိုင်းရင်းသားလူမျိုးတွေကို ကတိကဝတ်တွေပြုထားတာ နောက်နောင်လိုက်လျောနိုင်မှာမဟုတ်လို့ ရဲရဲဝံ့ဝံ့ကတိပေးခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်းကို လူတစုလုပ်ကြံခဲ့ပါတယ်။ ပင်လုံကတိတွေ ဗိုလ်ချုပ်အောင်ဆန်းနဲ့အတူ ကျန်ခဲ့ပါပြီ၊ ပင်လုံကတိနောက်ဆက်တွဲအဖြစ်ကျန်နေတာတော့ ခုထိငြိမ်းမရနိုင်သေးတဲ့ ပြည်တွင်းစစ်မီးပါ။ အချင်းချင်း နိုင်ငံရေးအရယုံကြည်မှု ပျက်သုဉ်း သေဆုံးခဲ့ပါပြီ။ ဒါကို ဗိုလ်ချုပ်ရဲ့သမီး ဒေါ်အောင်ဆန်းစုကြည် ပြန်တည်ဆောက်နိုင်မလား မျှော်လင့်စရာပါ။

၁၉၄၇ ပင်လုံစာချုပ်မှာပါဝင်ဖို့ ရှမ်းပြည်စော်ဘွားကိုဦးဆောင်တာက တအာင်းစော်ဘွားခွန်ပန်းစိန်ပါ။ တကယ်လို့ ဗိုလ်ချုပ်

အောင်ဆန်း လုပ်ကြံခြင်းမခံရပဲ ပင်လုံကတိဖြစ်လာသည့်တိုင်အောင် အဲဒီပင်လုံကတိကဝတ်ဟာ တအာင်းလူမျိုးအတွက် တကယ်အားကိုးရဖို့ မှန်းဆရခက်ပါတယ်။ တအာင်းလူမျိုးနဲ့ တအာင်းခေါင်းဆောင်တွေက နိုင်ငံရေးအသိနိုးကြားမှု နည်းခဲ့တော့ ပင်လုံဟာ တအာင်းနဲ့မဆိုင်သလိုပါပဲ။ အခုထက်ထိလည်း တအာင်းလူမျိုးကို ရှမ်းလူမျိုးရဲ့ လူမျိုးစုတစုအဖြစ် တရားဝင်သတ်မှတ်ထားတုန်းပါပဲ။ ပင်လုံမှာ တအာင်းကံကြမ္မာကို ရှမ်းပြည်လက်ထဲအကုန်အပ်ခဲ့မိတဲ့ ပင်လုံစာချုပ်ပါ။ တအာင်းလူမျိုးတွေ တချိန်တုန်းက တကယ်အသေအချာ ညံ့ခဲ့ပါတယ်။

## (ဃ) ၂၁ ရာစုပင်လုံမှာ တအာင်းနိုင်ငံရေးအလားအလာနဲ့ တအာင်းတပ်မတော် တက်ခွင့်မရရင်နောက်ဆက်တွဲဘာဖြစ်နိုင်သလဲ

၁၉၄၇ ပင်လုံညီလာခံ အခင်းအကျင်းနဲ့ ဖြစ်လာမဲ့ ၂၁ ရာစု ပင်လုံအနိုင်ငံရေးအခင်းအကျင်း လုံးဝမတူနိုင်တာကတော့ သေချာပါတယ်။ အင်္ဂလိပ်လက်အောက်ကနေ အတူလွတ်လပ်ရေးယူပြီး ပြည်ထောင်စု နိုင်ငံကိုတည်ဆောက်ဖို့ ကတိကဝတ်ပြု လက်မှတ်ရေးထိုးနိုင်ခဲ့တာ ၁၉၄၇ ပင်လုံညီလာခံပါ။ အခု ကျင်းပရမဲ့ ၂၁ ရာစုပင်လုံကတော့ ၁၉၄၇ ပင်လုံကတိတွေကို ပျက်ကွက်ခဲ့လို့ ပြည်တွင်းစစ်ကြီး နှစ်ပေါင်း ၆၀ ကျော်ဖြစ်ရင်း တိုင်းပြည် ဘက်စုံနိမ့်ကျနေတာကို ထောက်ထားပြီး ဘယ်လိုပြည်ထောင်စုစစ်စစ် တည်ဆောက်ကြမလဲ ဆွေးနွေးရမဲ့ ပွဲပါ။

၁၉၄၇ ပင်လုံအနှစ်သာရ ကိုတော့ ပြန်ဖော်လို့ရနိုင်မှာမဟုတ်ပါ။ ၁၉၄၇ ပင်လုံ ကတိကဝတ်တွေကြောင့်တန်ဖိုးကြီးတဲ့ နိုင်ငံခေါင်းဆောင်တွေ လုပ်ကြံခံခဲ့ရတယ်။ စစ်အုပ်ချုပ်ရေးအောက်မှာ နှစ်လကြာရှည်စွာ တိုင်းပြည်နစ်မွန်းခဲ့ရတယ်။ ညီညွတ်မှု၊ ယုံကြည်မှုအလုံးစုံ ပျက်ယွင်းခဲ့ရတယ်။ အခု ၂၁ ရာစုပင်လုံမှာ အရင် ၄၇ ပင်လုံလို ကတိကဝတ်တွေ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ မြန်မာအစိုးရက တိုင်းရင်းသားလူမျိုးတွေကို ပေးနိုင်ဖို့ခက်မှာပါ။ မြန်မာစစ်ခေါင်းဆောင်တွေကလည်း ခွင့်ပြုမှာမဟုတ်ပါဘူး။

ဒါကြောင့် တိုင်းရင်းသားလူမျိုး၊ လက်ရှိNLDအစိုးရနဲ့ မြန်မာ့တပ်မတော်အကြား သင့်တော်မယ့် နိုင်ငံရေးသဘောတူညီချက် ပြည်ထောင်စုသဘောတူချက်ပဲ ဖြစ်လာနိုင်ပါတယ်။ စိုးရိမ်စရာကတော့ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့တွေကိုလက်နက်ချဖို့ လက်နက်စွန့်ဖို့ ရသလိုဖိအားပေးနေတဲ့ မြန်မာတပ်မတော်ရဲ့ တင်းမာတဲ့သဘောထားကြောင့် အားလုံးလိုချင်တဲ့ နိုင်ငံရေးဆွေးနွေးပွဲတော့ ရာနှုန်းပြည့်မဖြစ်လာနိုင်ပါဘူး။ အခက်အခဲ ဒေါးကြပ်နံ့ကြပ်များတဲ့ ဒီလိုပွဲမျိုးမှာအမျိုးသားတန်းတူခွင့်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေ တိတိကျကျဆွေးနွေးသဘောတူနိုင်ဖို့ ခက်ပါမယ်။ အခြားတိုင်းရင်းသားများနဲ့ တန်းတူမှုကို အမြဲတန်း ငြင်းပယ်ခံနေရတဲ့ တအာင်း၊ ပအိုဝ်း၊ ဝ လို ပြည်နယ်မရရှိသေးတဲ့လူမျိုးအတွက် မျှော်လင့်ချက် ခပ်ဝါးဝါးပါ။

ဝ၊တအာင်း၊ပအိုဝ်းတို့ပြည်နယ်သစ်ရဖို့ နေနေသာသာရှိရင်းစွဲပြည်နယ်တွေတကယ်ပြည်နယ်အုပ်ချုပ်ခွင့် ဘယ်လောက်ထိ မြန်မာ့စစ်တပ်ကခွင့်ပြုပေးမလဲ။ ပြည်နယ်သစ်ပေါ်ပေါက်နိုင်မယ့် အခွင့်အလမ်းနဲ့ ပြည်နယ်သစ်သတ်မှတ်ချက်ကိုရော အားလုံးက နိုင်ငံရေးအမျှော်အမြင်ရှိစွာ ဆွေးနွေးသဘောတူနိုင်ပါ့မလား။ နိုင်ငံရေးဦးဆောင်မှု အားနည်းလျော့ရဲတဲ့ တအာင်းအမျိုးသားပါတီ TNP က ဒီညီလာခံတက်ခွင့်ရရင်တောင် ဒါတွေကိုတင်ပြဆွေးနွေးနိုင်ပါ့မလား။ တင်းတိမ်ရောင့်ရဲတဲ့ တအာင်းလူမျိုးတွေလေ။ ၁၉၄၇ တုန်းက တအာင်းပြည်နယ် တောင်းဆိုဖို့ တမင်ပျက်ကွက်ခဲ့တယ်။

အခုလည်း တအာင်းပါတီ ခေါင်းဆောင်အများစုက တအာင်းပြည်နယ်ရဖို့အရေး မဲးလည်းမသွေး၊ နှုတ်လည်းမသွေး၊ စိတ်မကူးကြသေးပါဘူး။ တအာင်းအမျိုးသားတပ်မတော် ကိုယ်စားလှယ် ဒီ ၂၁ ရာစုပင်လုံပွဲ တက်ရောက်ခွင့် မရရှိခဲ့ရင် နစ်နာမှုတော့ တစုံတရာရှိလာနိုင်ပါတယ်။ ပါသင့်ပါထိုက်တဲ့ တိုင်းရင်းသားအဖွဲ့တွေ စုံညီစွာ ပါဝင်ခွင့်မရရှိခဲ့ရင်လည်း NCA စာချုပ်တုန်းကလို အရှုတ်တိုက်ဆွဲလုပ်မဲ့ မြန်မာ့ခေါင်းဆောင်တွေရှိတာမို့ မနူးမနပ်ပြည်ထောင်စု ထပ်ဖြစ်လာအုံးမှာပါပဲ။ တချို့တိုင်းရင်းသားတွေ စိတ်တိုင်းကျနိုင်သလို မကျေနပ်မဲ့လူမျိုးလည်း ပေါ်ပေါက်လာနိုင်ပါတယ်။ သေချာတာကတော့ ၂၁ရာစု ပင်လုံ တက်ခွင့်မရခဲ့ရင် တအာင်းအမျိုးသားတပ်မတော် PSLF/TNLA စစ်ရေးသေချာပြင်ဆင်ထားရပါမယ်။ အခုကတည်းက လက်နက်၊ရိက္ခာ၊ လူအင်အားသေချာ ပြင်ဆင်စုဆောင်းရပါမယ်။ စစ်ဘေးဒဏ်သင့်မဲ့ပြည်သူလူထုအတွက် အရေးပေါ်ပြင်ဆင်မှုတွေ ကြိုစဉ်းစားထားရပါမယ်။ ၂၀၁၅ NCA အပစ်ရပ်စာချုပ်မှာ ပါဝင်ခွင့်ငြင်းပယ်ခံရတော့ မြန်မာ့တပ်မတော်ရဲ့ ထိုးစစ်ဆုလာဒ် ခပ်ပြင်းပြင်းခံခဲ့ဖူးပြီလေ။ တပ်မ ၂၂ နဲ့ ၄၄ နှစ်ခုတည်းပဲ ထိပ်တိုက်စစ်မတိုက်ဖူးသေးတာ၊ ကျန်တဲ့မြန်မာ့တပ်မအားလုံးနဲ့ လက်ရည်စမ်းခဲ့ရတဲ့အပြင် ရှမ်းပြည်တောင်ပိုင်း RCSS/SSA ပါ အဆစ်ထည့်ထိုးစစ်ဆင်လို့ အခုထိ လက်နက်ကိုင်ပဋိပက္ခတွေ ရှုန်းရင်းဆန်ခတ် ရှုပ်ပွနေတုန်းပါ။ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး PSLF/TNLA သာ ပါဝင်ခွင့်မရရှိခဲ့ရင်တော့ ၂၁ ရာစု ပင်လုံညီလာခံအလွန်မှာ တအာင်းဒေသစစ်သလင်းဖြစ်လာဖို့ များပါတယ်။

## (င) ၂၁ ရာစုမတိုင်ခင် တအာင်းလူမျိုးကြိုတင်ပြင်ဆင်သင့်သည်များ

တအာင်းအမျိုးသားပါတီ၊ လူငယ်၊ အမျိုးသမီး၊ ရဟန်းသံဃာ၊ တအာင်းအမျိုးသားတပ်မတော် PSLF/TNLA နဲ့ တအာင်းလူမျိုးတွေအားလုံး ပြင်ဆင်ထားသင့်တာကတော့ နိုင်ငံရေးစုစည်းမှုပါပဲ။ တအာင်းလူမျိုးရဲ့အမြင့်ဆုံး နိုင်ငံရေးရည်မှန်းချက်ဘာဖြစ်သင့်သလဲ သေချာဆွေးနွေးသဘောတူ ထားသင့်ပါတယ်။ အားလုံးအတွက် နိုင်ငံရေးရည်မှန်းချက် ရပြီဆိုရင်တော့ အဲဒီရည်မှန်းချက်ပန်းတိုင်ကို ရောက်အောင်ဘယ်လို ဝိုင်းလုပ်ကြမလဲ။ အလုပ်တွေဆွေးနွေးခွဲဝေ တာဝန်ယူ လုပ်ဆောင်သင့်ပါတယ်။ တအာင်းအမျိုးသားတပ်မတော် PSLF/TNLA ကိုင်စွဲထားတဲ့လက်နက်ဟာ တအာင်းပြည်သူရဲ့လက်နက်၊တအာင်းလူထုကို ကာကွယ်တဲ့လက်နက်ဖြစ်တာကြောင့် မြန်မာ့တပ်မတော်ဖိအားပေးနေတဲ့ လက်နက်ချဖို့ကိစ္စလည်း တအာင်းလူထုအားလုံးရဲ့ သဘောဆန္ဒအတိုင်းဖြစ်အောင် ဆွေးနွေးရပါမယ်။ တိုက်ပွဲတွေဖြစ်နေတာကတော့ နိုင်ငံရေးပြဿနာ မပြေလည်လို့ပါပဲ။ ဒါကြောင့် နိုင်ငံရေးပြဿနာ ပြေလည်အောင်၊ တအာင်းဒေသငြိမ်းချမ်းအောင် တအာင်းလူမျိုးအားလုံး စည်းလုံးဖို့လိုပါတယ်။ တိကျခိုင်မာတဲ့ နိုင်ငံရေးရည်မှန်းချက်ကို စုစည်းတဲ့ဦးဆောင်မှုနဲ့ ရယူနိုင်အောင်ပြင်ဆင်ကြရမှာပါ။ အလွှာအသီးသီးက တအာင်းလူထုတွေ ဆွေးနွေးပွဲအမျိုးမျိုးကနေ အားလုံးပါဝင်ကိုယ်စားပြုနိုင်မဲ့ တအာင်းအမျိုးသားညီလာခံ၊ နီးနှောဖလှယ်ပွဲ၊ အစည်းအဝေးဆွေးနွေးပွဲတွေ အသေအချာကို အမြန်ဆုံးကြိုးပမ်း လုပ်ဆောင်ကြရမယ်လို့ သုံးသပ်မိပါတယ်။

မိုင်းဂေါင်းမောင်း (၂၀၁၆-၀၆-၂၁)

## လက်ရှိNLD အစိုးရအသစ်အပေါ်အမြင်သဘောထားများနှင့်RCSS/SSA နှင့် TNLA တို့ အကြားဖြစ်ပွားနေသည့်လက်နက်ကိုင်ပဋိပက္ခများအား PSLF/ TNLA အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးကြီး တားဘုန်းကျော်နှင့်တွေ့ဆုံမေးမြန်း




မေးမြန်းသူ ။ ။ရှိုဆေ တားအော
။ရှိုဆေ

မေး ။ ။ NLDဦးဆောင်တဲ့ လက်ရှိအစိုးရဟာ ၂၁ ရာစု ပင်လုံညီလာခံအတွက်ကြိုတင်ပြင်ဆင်နေတာတွေ့ရတယ်ရှင့်။ သက်ဆိုင်ရာ ကော်မတီဝင်တွေကလည်း လုပ်ငန်းအဖွဲ့တွေကလည်း သက်ဆိုင်ရာတိုင်းရင်းသားတွေနဲ့ အလွတ်သဘောအနေနဲ့ လိုက်လံပြီး တွေ့ဆုံနေတာ သိရတယ်ရှင့်။ PSLF/TNLA အနေနဲ့ကရောတွေ့ဖို့ရှိလား တွေ့ရောတွေ့ပြီးပြီလားဆိုတာကို သိချင်ပါတယ်ရှင့်။

ဖြေ ။ ။ ကျနော်တို့အဖွဲ့နဲ့တော့ အခုဒေါက်တာတင်မျိုးဝင်းအဖွဲ့နဲ့မတွေ့ဆုံရသေးပါဘူး။ နှစ်ဖက်တွေ့ဆုံနိုင်အောင်

တော့ ကျနော်တို့ကြိုးစားနေပါတယ်။

မေး ။ ။ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး(PSLF) အနေနဲ့ကရော ၂၁ရာစု ပင်လုံညီလာခံကို တက်ရောက်ဖို့ ရှိလား။

ဖြေ ။ ။ကျနော်တို့ကိုဖိတ်ကြားမယ် ဆိုရင်တော့ ကျနော်တို့တက်ဖို့ကျနော်ဆုံးဖြတ်ထားပါတယ်။ ဒါပေမဲ့ လောလော ဆယ်အထိကတော့ ဒေါက်တာတင်မျိုးဝင်းတို့ ဒေါ်အောင်ဆန်းစုကြည်တို့က ကျနော်တို့ကိုဖိတ်မယ်/မဖိတ်ဘူးဆိုတာကတော့ ကျနော်တို့မသိရသေးပါဘူး။

မေး ။ ။ ၂၁ ရာစုပင်လုံညီလာခံမှာ ဘယ်လိုပါဝင်သွားမလဲ ဘယ်လောက်အထိ မျှော်မှန်းထားသလဲ ဆိုတာကို သိချင် ပါတယ် တယ်ရှင့်၊

ဖြေ ။ ။ကျနော်တို့ကို တကယ်လို့ဒေါ်အောင်ဆန်းစုကြည်တို့ကဖိတ်ကြားမယ်၊ တက်ရောက်ခွင့်ရှိမယ်ဆိုရင် ကျနော်တို့ ဒီ(၂၁)ရာစုပင်လုံညီလာခံမှာ တခြားတိုင်းရင်းသားတွေလိုမျိုး ကျနော်တို့ပါဝင်သွား ချင်ပါတယ်/ပါဝင်သွားပါမယ်။ ဘယ်လောက် အထိမျှော်မှန်းထားသလဲဆိုရင်တော့ ကျနော်တို့ကတော့ ဒီညီလာခံကြီးကိုဘယ်လိုခေါင်းစဉ်နဲ့ပဲဖြစ်ဖြစ် အဓိကကတော့ နိုင်ငံ ရေးတွေ ဆွေးနွေးနိုင်တဲ့နေရာတစ်ခုအနေဖြင့် ကျနော်တို့မျှော်မှန်းထားပါတယ်။ နိုင်ငံရေးတွေဆွေးနွေးတဲ့နေရာ အခင်း အကျင်းတစ်ခုဆိုတော့ အဲဒီမှာ ကျနော်တို့အခုဖြစ်နေတဲ့နိုင်ငံရေးပြဿနာတွေကို ကျနော်တို့ဘယ်လိုဖြေရှင်းမလဲ၊ အခုဖြစ်နေတဲ့ ပြည်တွင်းစစ်ကြီးကို ဘယ်လိုရပ်တံ့မလဲ၊ ဘာကြောင့်ပြည်တွင်းစစ်တွေ ဖြစ်နေရသလဲ၊ ဒီဟာကို ဘယ်လိုရပ်တံ့အောင် လုပ်မလဲ၊ အဓိကကျတော့ နိုင်ငံရေးပြဿနာဖြေရှင်းနိုင်မှ ဒီတိုက်ပွဲတွေရပ်နိုင်မှာဖြစ်တယ်ဆိုတော့ ကျနော်တို့နိုင်ငံရေး ပြဿနာတွေကို ကောင်းကောင်းဆွေး နွေးနိုင်လိမ့်မယ်လို့ ကျနော်တို့မျှော်မှန်းပါတယ်။

မေး ။ ။ နောက်တခုသိရတာ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (PSLF/TNLA)၊ ရခိုင်တပ်မတော် AA၊ ကိုးကန့်တပ်မ တော် MNDA လက်နက်ကိုင်အဖွဲ့ (၃)ဖွဲ့ကို လက်နက်စွန့်မှ လာမယ့် ၂၁ရာစုပင်လုံညီလာခံကို တက်ရောက်ခွင့်ပေးမယ်၊ မြန်မာ့တပ်မတော်ကိုလည်း မတိုက်တော့ပါဘူး၊ မိမိတို့အနေနဲ့ လက်နက်တွေကို lock in key လုပ်ရမယ်လို့ မြန်မာ့တပ်မတော်ရဲ့ သဘောထားက အမျိုးမျိုးထွက်လာတာကိုတွေ့ရပါတယ်။ ဖြစ်ရောဖြစ်နိုင်ပါ့မလား။ လက်ခံနိုင်တဲ့အဆင့်ရော ရှိရဲ့လား။

ဖြေ ။ ။အဲဒီလိုမြန်မာ့တပ်မတော်ရဲ့ သဘောထားကတော့ တောက်လျှောက်ကျနော်တို့ရင်ဆိုင်လာရတယ်။ တွေ့လာရတယ်။ ဒီမြန်မာ့အာဏာရှင် ဗိုလ်ချုပ်ကြီးသန်းရွှေ လက်ထက်ကတည်းကရော၊ တပ်ချုပ်ကြီးမင်း အောင်လှိုင်လက်ထက်ရော အခုက တော့ ဒေါ်အောင်ဆန်းစုကြည်အစိုးရသစ်တက်လာတော့ တပ်ချုပ် မင်းအောင်လှိုင်ပြောတာကတော့ ဒါတော့တော်တော်ကိုရှင်း



သွားပါပြီ။ တပ်ချုပ်ကြီးကိုယ်တိုင်က ဒီလိုပြောလာတဲ့အချိန်မှာ ကျနော်တို့အဖွဲ့တွေ လက်နက်စွန့်ဖို့လိုတယ်။ လက်နက်စွန့်မှ ဒီငြိမ်းချမ်းရေးဖြစ်စဉ် ပါဝင်နိုင်လိမ့်မယ်လို့ ပြောလာတာကိုတကယ်တွေ့မြင်ရတယ်ဆိုတော့ မြန်မာနိုင်ငံရဲ့အဓိကနိုင်ငံရေးပြဿနာ ရှင်းမရတာက ဒီမြန်မာ့တပ်မတော်ရဲ့တင်းမာမှုသဘောထားတွေကြောင့် ရှင်းမရတာဖြစ်ပါတယ်။ ဒီတိုင်းဆိုအနိုင်မာကြီးရပ်တည်မယ်ဆိုရင်တော့ မြန်မာနိုင်ငံရဲ့ပြဿနာတွေ ဖြေရှင်းလို့ရမှာမဟုတ်ပါဘူး။

လက်နက်တကယ်စွန့်ရမယ်ဆိုရင်တော့ ကျနော်တို့(၃)ဖွဲ့ထဲ ကျနော်တို့ပလောင်တဖွဲ့ထဲ ကျနော်တို့မဟာမိတ်(၃)ဖွဲ့ထဲစွန့်လို့ မဖြစ်ပါဘူး။ မြန်မာနိုင်ငံမှာရှိနေတဲ့ လက်နက်ကိုင်တပ်ဖွဲ့တွေ အကုန်လုံးလက်နက်စွန့်မှ မြန်မာနိုင်ငံရဲ့ပြဿနာက ပြေလည်နိုင်မှာဖြစ်ပါတယ်။ တကယ်လက်နက်စွန့်ရမယ် ဆိုရင်ပေါ့လေ ဒါကြောင့်မို့ လက်နက်ကိုင်တာကလည်း ဘာကြောင့်ကိုင်ရတာလဲ။ ကျနော်တို့ နိုင်ငံရေးပြဿနာကို မရှင်းနိုင်လို့တဖွဲ့နဲ့တဖွဲ့ ယုံကြည်မှုမရှိတာကြောင့် လက်နက်ကိုင်ရတာဖြစ်တယ်။ ဒါကြောင့်မို့ ကျနော်တို့အနေကလည်း ဒါကိုလက်ခံနိုင်လား လက်မခံနိုင်ဘူးလားဆိုတဲ့ကိစ္စကို ပြောရမယ်ဆိုရင်တော့ ဒါက မြန်မာ့တပ်မတော်တွေရဲ့ တကယ်ကိုမြန်မာနိုင်ငံရဲ့ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်းချင်တဲ့ဆန္ဒမရှိလို့ ပြည်တွင်းစစ်ကိုစွဲဆန့်ချင်လို့ အခုလိုအလုပ်မဖြစ်တဲ့ စကားတွေပြောတယ်လို့ပဲ ကျနော်မြင်ပါတယ်။

မေး ။ ။ တကယ်လို့ တပ်မတော်ရဲ့ သဘောထားက ဒီအတိုင်းပဲ အမှန်ဖြစ်မယ်ဆိုရင် ဒီဖြစ်စဉ်ကို ဘယ်လိုဖြေရှင်းဆောင်ရွက်ဖို့ ရှိပါသလဲရှင့်။

ဖြေ ။ ။အခုကတပ်ချုပ်ကြီးကိုယ်တိုင်က ပြောတဲ့စကားတပ်မတော်ရဲ့သဘောထားအမှန်ကိုပြောတယ်လို့ပဲ ကျနော်ယူဆထားပါတယ်။ ဒါပေမယ့်လည်း ကျနော်တို့သဲသဲကွဲကွဲသိချင်တာကတော့ ဒါကအခုမြန်မာ အစိုးရအသစ်၊ NLD ဦးဆောင်တဲ့ မြန်မာအစိုးရအသစ်ကရော ဒီသဘောထားကိုဘယ်လိုသဘောထားလဲ၊ ဘယ်လိုမြင်လဲ၊ ဘယ်လိုရပ်တည်လဲ၊ မြန်မာအစိုးရကလည်း မြန်မာ့တပ်မတော်သဘောထားနဲ့ အတူတူပဲလား ဒါကိုကျနော်သိချင်တဲ့ မေးခွန်းတစ်ခုဖြစ်ပါတယ်။ ဟိုဘက်က UNFC ကိုယ်စားလှယ်နဲ့တွေ့တုန်းကလဲ ဒါတွေကိုမေးထားတာ ကျနော်တို့သိရပါတယ်။ တကယ်လို့သာ ဒါကမြန်မာ့တပ်တော် ဒီလိုသဘောထားအတိုင်းပဲရပ်တည်တယ်၊ ပြီးတော့ငြိမ်းချမ်းရေးမူ(၆)ရပ်အတိုင်းပဲ နိုင်နိုင်မာမာရပ်တည်ထားတုန်းဆိုရင်တော့ ကျနော်တို့မြန်မာနိုင်ငံရေးရဲ့နိုင်ငံရေးပြဿနာ တကယ်ပဲဝမ်းနည်းစရာကောင်းပါတယ်။ ကျနော်တို့ဖြေရှင်းဖို့အင်မတန်ပဲခက်တယ်လို့မြင်ပါတယ်။ ကျနော်တို့တိုင်းရင်းသားအမြင်နဲ့လည်း ဒီကိစ္စကိုလုံးဝလက်မခံနိုင်ပါဘူး။



မေး ။ ။ အခုတလော မြန်မာ့တပ်မတော်ဘက်က ထိုးစစ်တွေ ပိုမိုပြီးတော့ အင်အားဖြည့်တင်းလာတာကို တွေ့ရတယ်ရှိဆိုတော့ လက်ရှိအစိုးရ အကောင်အထည်ဖော်နေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ထိခိုက်မှုရှိနိုင်ပါသလား။

ဖြေ ။ ။ကျနော်တို့ တိုင်းရင်းသားအဖွဲ့အနေနဲ့တောက်လျှောက်ပြောနေတာကအခုကျနော်တို့ ငြိမ်းချမ်းရေးကိုကျနော်တို့ကြိုးပမ်းကြမယ်။ အပစ်အခတ်ရပ်စဲရေးလုပ်ကြမယ်ဆိုရင် ပြဿနာဖြစ်နေတာက မြန်မာ့တပ်မတော်နဲ့ကျနော်တို့ကြားက ယုံကြည်မှုအားနည်းနေပါတယ်။ ယုံကြည်မှုအားနည်းတယ်ဆိုတာကလည်းပဲ ဘာဖြစ်လို့အားနည်းသလဲ၊ တဖက်မှာတော့ စားပွဲခုံမှာတွေ့ကြမယ်၊ ငြိမ်းချမ်းရေးလုပ်ကြမယ်၊ အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးကြမယ်ပြောပေမဲ့လည်း မြန်မာ့တပ်မတော်က ကျနော်

တို့ တိုင်းရင်းသားနယ်မြေ ဒေသအသီးသီးမှာ အခုကျနော်တို့ PSLF/TNLA တအာင်းဒေသပဲဖြစ်ဖြစ်၊ ကချင် ဒေသပဲဖြစ်ဖြစ်၊ ရှမ်းဒေသပဲဖြစ်ဖြစ် ကျနော်တို့တိုင်းရင်းသားဒေသ အသီးသီးမှာ စစ်တွေကိုမလိုအပ်ပဲနဲ့ အင်အားတွေတိုးချဲ့နေတယ်၊ မလိုအပ်ပဲနဲ့ စစ်ရေးပြင်ဆင်နေမှုတွေဖွတ်လုပ်နေတဲ့ဟာတွေက ကျနော်တို့တစ်ဖွဲ့နဲ့တစ်ဖွဲ့ယုံကြည်မှုတွေအများပျက်ပြားစေပါတယ်၊ အဲဒီလိုဆက်လုပ်နေမယ်ဆိုရင်တော့ ကျနော်တို့တည်ဆောက်ချင်တဲ့ငြိမ်းချမ်းရေးတွေ ကျနော်တို့ကြားထဲမှာ ယုံကြည်မှုအားနည်းနေတဲ့အတွက်ကြောင့် ကျနော်တို့ငြိမ်းချမ်းရေးဖြစ်စဉ်ကို လောလောဆယ်ကတော့ တစ်နည်းမဟုတ်တစ်နည်း ထိခိုက်နိုင်တယ်လို့ မြင်တယ်။ ကျနော်တို့ကြားထဲမှာ ယုံကြည်မှုတည်ဆောက်ဖို့ အင်မတန်ခက်ခဲတယ်လို့ ကျနော်တို့ မြင်ပါတယ်။

မေး ။ ။ NLD ဦးဆောင်တဲ့ လက်ရှိမြန်မာအစိုးရအသစ်အပေါ် PSLA/TNLA အနေနဲ့ ဘယ်လိုသဘောထားရှိသလဲ-ဘာတွေဖြစ်လာဖို့ မျှော်လင့်ထားပါသလဲ ။

ဖြေ ။ ။ဟုတ်ကဲ့ကျနော်တို့ကတော့ NLDဦးဆောင်တဲ့အစိုးရသစ်က မြန်မာနိုင်ငံရဲ့နိုင်ငံရေးအပြောင်းအလဲကို ဦးဆောင်နိုင်မယ့် ခြေလှမ်းသစ်တရပ်လို့ကျနော်တို့မြင်တယ်။ အခုမြန်မာအစိုးရသစ်ကိုကြိုဆိုတယ်လို့စတက်လာကတည်းကကျနော်တို့သဘောထားထုတ်ပြန်ထားပြီးသားဖြစ်ပါတယ်၊ ကျနော်တို့အနေနဲ့ NLDအစိုးရအသစ်က ဒီထက်ပိုပြီးတော့မှ လူထုကို ကိုယ်စားပြုတဲ့နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေ ပိုလုပ်နိုင်မယ်လို့ကျနော်တို့မျှော်လင့်ပါတယ်၊ အဓိကအဟန့်အတားဖြစ်နေတဲ့ မြန်မာ့တပ်မတော်ရဲ့ သဘောထားကိုလည်းထိန်းညှိပြီးတော့မှ ကျော်လွှားပြီးတော့မှ ကျနော်တို့နိုင်ငံအတွက် တကယ်ကောင်းတဲ့နိုင်ငံရေးပြဿနာတွေကိုဖြေရှင်းလာနိုင်လိမ့်မယ်လို့ ကျနော်တို့မျှော်လင့်ပါတယ်၊ ဘာဖြစ်လဲဆိုတော့ အဲဒီလိုမှမဖြေရှင်းနိုင်ဘူးဆိုရင် မြန်မာနိုင်ငံက ပြည်တွင်းစစ်မီးက ဘယ်လိုမှရပ်တန့်မှာမဟုတ်ဘူး။ ပြည်တွင်းစစ်မီးရှိဦးမယ်ဆိုရင်တော့ ဒီနိုင်ငံကဘယ်လိုမှ မတိုးတက်နိုင်ဘူး။ ဒါကပြည်တွင်းစစ်မီးကိုအရင်ဆုံးရပ်ဖို့လိုတယ်။ နိုင်ငံရေးပြဿနာကိုဖြေရှင်းနိုင်မယ့် နိုင်ငံရေးသဘောတူညီချက် မြန်မြန်အကောင်အထည်ဖော်ဖို့လိုပါတယ်၊ အဲဒါအကောင်အထည်ဖော်နိုင်မှသာလျှင်အခုအဟန့်အတားဖြစ်နေတဲ့(၂၀၀၈)ဖွဲ့စည်းပုံ အခြေခံဥပဒေကို လက်တွေ့ကျကျဘယ်လိုပြင်မလဲဆိုတာကို ပြင်လို့ရမှာဖြစ်ပါတယ်။ နိုင်ငံရေးသဘောထား၊ သဘောတူညီချက်တွေ ဒါတွေမရပဲနဲ့ ကျနော်တို့ဒီ(၂၀၀၈)ဖွဲ့စည်းပုံကိုပြင်မယ်ဆိုရင် ပြင်ရခက်ပါတယ်။ အဲဒီကိစ္စတွေကိုအဓိက NLD အစိုးရက ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့အစိုးရက ဆောင်ရွက်သွားနိုင်မယ်ဆိုရင်တော့ အကောင်းဆုံးဖြစ်မယ်လို့ ကျနော်မျှော်လင့်ပါတယ်၊



မေး ။ ။RCSS/SSA တပ်ဖွဲ့နဲ့ တိုက်ပွဲတွေပြန်ပြီးဆက်တိုက်ဖြစ်လာနေတာကို တွေ့ရပါတယ် ဘာကြောင့်တိုက်ပွဲတွေ မရပ်နိုင်တာလဲဆိုတာကို သိချင်ပါတယ်ရှင့်။

ဖြေ ။ ။ ဟုတ်ကဲ့ ကျနော်တို့နဲ့ RCSS တိုက်ပွဲဖြစ်တာကလည်း အချိန်ကာလအထိတော့(၆)လ(၇)လရှိသွားပါပြီ။ ကျနော်တို့ ကြည့်ရတာကတော့ တိုက်ပွဲရပ်ဖို့အနေအထားကတော့တော်တော်ကို ခက်ခဲရှိနေပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အခုတိုက်ပွဲရပ်ဖို့အခက်အခဲဘယ်လိုရှိသလဲဆိုတော့ ကျနော်တို့တအာင်း(ပလောင်) PSLF/TNLA လှုပ်ရှားနေတဲ့ဒေသကို RCSS တပ်ဖွဲ့တွေက ဆက်တိုက်ဆက်တိုက်တိုးပြီး လာနေပါတယ်၊ အဲဒီလိုအင်အားတွေ ဆက်ပြီးတိုးလာနေမယ်ဆိုရင်တော့ ဘယ်လိုမှရှောင်လွှဲလို့မရဘူး။ နောက်တစ်ချက်က ကျနော်တို့ကြားထဲမှာတွေ့ဆုံဆွေးနွေးဖို့ မဖြစ်နိုင်တာကလည်း တစ်ချက်ပါပါတယ်၊ အဓိက

ကတော့ RCSS က ကျနော်တို့တအာင်း(ပလောင်)ဒေသထဲ ဒီတိုင်းဆက် တိုက်တိုးဝင်လာမယ်၊ တိုးဝင်လာပြီးတော့မှ ကျနော်တို့ တအာင်း(ပလောင်)ဒေသမှာရှိတဲ့ ဒေသခံလူထုတွေအပေါ်မှာ အမျိုးမျိုးလူ့အခွင့်အရေး ချိုးဖောက်မှုတွေလုပ်နေတယ်။ နောက် ကျနော်တို့ဒေသကိုစိုးမိုးဖို့ တဖက်သတ်စောင်းလုပ်နေမယ်ဆိုရင်တော့ ကျနော်တို့တအာင်း(ပလောင်)တပ်မတော် အနေနဲ့ လက်ပိုက်ပြီးကြည့်နေမှာမဟုတ်ပါဘူး။ကျနော်တို့တိုက်ပွဲတွေ ခုခံကာကွယ်သွားမှာဖြစ်တယ်။အဲဒီလိုခုခံကာကွယ်သွားမယ်ဖြစ် တဲ့အတွက်ကြောင့် ကျနော်တို့နဲ့ RCSS ကြားကတော့ တိုက်ပွဲတွေ ဘယ်လိုမှရပ်ဆိုင်းသွားမှာမဟုတ်ပါဘူး။

မေး ။ ။ RCSS/SSA တပ်ဖွဲ့တွေက တအာင်းပြည်သူလူထုတွေရဲ့ လူ့အခွင့်အရေးတွေကို ဆက်တိုက်ချိုးဖောက်နေတာကို တွေ့ရပါတယ်။ ဒါ့အပြင် အပြစ်မဲ့တဲ့ တအာင်းပြည်သူတွေကို သတ်ဖြတ်တဲ့အဆင့်ထိရှိလာတယ်ဆိုတော့ PSLF/TNLA အနေနဲ့ ဘယ်လိုဖြေရှင်းဆောင်ရွက်သွားမလဲဆိုတာကို သိချင်ပါတယ်ရှင့်။

ဖြေ ။ ။ဟုတ်ကဲ့ပါ ကျနော်တို့အနေနဲ့လည်း ဒီအခု RCSSက ကျနော်တို့တအာင်း(ပလောင်) လူထုတွေအပေါ်မှာ တအာင်းလူ မျိုးသာမဟုတ်ဘူး တအာင်းဒေသအတွင်းမှာရှိနေတဲ့တခြားရှမ်းလူမျိုး၊တခြားလူထု တွေအပေါ်မှာ စစ်ဘေးအကျိမြင့်ပြီးတော့မှ လူ့အခွင့်အရေးချိုးဖောက်ခံရတာကို ကျနော်တို့အများကြီး စိတ်မကောင်းဘူး၊ တော်တော်ကိုဝမ်းနည်းမိပါတယ်။ ဒါက တကယ် မလိုလားအပ်တဲ့ ပြဿနာတွေလို့ ကျနော်တို့မြင်ပါတယ်။အဲဒါကြောင့်မို့လို့လည်း ကျနော်တို့က ကျနော်တို့နယ်မြေ၊ ကျနော်တို့ လူထုကိုကာကွယ်ပြီး တိုက်ပွဲဆင်နွှဲရတာဖြစ်ပါတယ်။ RCSSအနေနဲ့ တကယ်ပဲ ကျနော်တို့အမျိုးသားရေးအတွက် ရှမ်းအမျိုး သားလွတ်မြောက်ရေးအတွက် တကယ်ပဲရပ်တည်နေတဲ့အဖွဲ့ အစည်းဆိုရင်တော့ ဒါမျိုးကိစ္စတွေရပ်တန့်ဖို့လိုပါတယ်။ ကျနော်တို့ တိုင်းရင်းသားအချင်းချင်းကို နိုင်ငံရေးနည်းနဲ့ဖြေရှင်းဖို့လိုအပ်ပါတယ် ဆိုတော့အခုလိုမျိုး အင်အားအလုံးအရင်းနဲ့တက်လာပြီး တော့မှ ကျနော်တို့ဒေသခံပြည်သူလူထုတွေကို လူ့အခွင့်အရေးချိုးဖောက်မှုအမျိုးမျိုးပြုလုပ်နေတာကိုတော့ ဆိုးဝါးတဲ့လုပ်ရပ်လို့ ကျနော်တို့မြင်တယ်။ ကျနော်တို့က ဒါကျတော့အကောင်းဆုံးလူထုတွေကို ကာကွယ်သွားဖို့ရှိတယ်။ ပြီးတော့ ဒီကိစ္စကိုလည်း နှစ် ဖက် အမြန်တွေ့ဆုံညှိနှိုင်းနိုင်မယ့် ဆွေးနွေးနိုင်မယ့် တွေ့ဆုံဆွေးနွေးပွဲအမြန်ဆုံးခေါ်သွားဖို့ ကျနော်တို့မဟာမိတ်အဖွဲ့အစည်း



ဖြစ်တဲ့ SSPP ရှမ်းပြည်မြောက်ပိုင်းတပ်မတော်ကိုပဲဖြစ်ဖြစ်၊ UNFC ကိုပဲဖြစ်ဖြစ်၊ တခြားသော(ဝ)အဖွဲ့အစည်းကိုပဲဖြစ်ဖြစ် အကူ အညီတောင်းထားပါတယ်။ ဒါပေမဲ့ဒီကနေ့အချိန်ထိတော့ မဖြစ်သေးဘူးပေါ့။ ကျနော်တို့အနေနဲ့တော့ နံပါတ်(၁)ကျနော်တို့လူထု ကို ကျနော်တို့စစ်ရေးနည်းအရတော့ ခုခံကာကွယ် သွားဖို့ကျနော်တို့တာဝန်ရှိတယ်။ပြီးတော့ နိုင်ငံရေးနည်းလမ်းအနေနဲ့ ကျနော် တို့တွေ့ဆုံညှိနှိုင်း သွားဖို့လည်း ကျနော်တို့ပြင်ဆင်ထားပါတယ်။

မေး ။ ။ ဒီလိုတိုက်ပွဲတွေကြောင့် တိုင်းရင်းသားလူမျိုးများကြား လူမျိုးရေးပဋိပက္ခတွေ အသွင်ဆောင်လာနိုင်သလားသိချင် ပါတယ်ရှင့်။

ဖြေ ။ ။တိုက်ပွဲအရှိန်မြင့်မားလာတဲ့အချိန်မှာတော့ ကျနော်တို့ လည်းစိုးရိမ်မိတာ အနည်းငယ်ရှိပါတယ်။ ဒါပေမဲ့ အခုဖြစ်နေတဲ့ ဟာက ကျနော်တို့သေသေချာချာကြည့်မယ်ဆိုရင် တကယ်ပဲကျနော်တို့ တအာင်းအမျိုးသားရေးတပ်မတော်နဲ့ RCSS ရှမ်းတပ် မတော်နဲ့ တကယ်ပဲနှစ်ဖက်ထဲပဲဖြစ်နေတဲ့တိုက်ပွဲလား။တတိယလူ(သို့မဟုတ်)ရင် နောက်ကွယ်မှာ ကြားခံပါနေတာ ဘယ်သူ လဲ ကျနော်တို့လည်းသိထား/သုံးသပ်ထားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တချို့ကိစ္စဖြစ်နေတာကတော့ RCSS လုပ်တာလည်း

မဟုတ်ဘူး။ ကျနော်တို့PSLF/TNLAလုပ်နေတာမဟုတ်ဘူး ဒါပေမယ့်ကြားထဲမှာလူထုတွေ ဒုက္ခရောက်နေတာရှိတယ်။ သတင်းတက်နေတာလည်း ဒီလိုပုံစံအမျိုးမျိုးတက်နေတာဖြစ်ပါတယ်။ ကျနော်တို့ဆိုလိုချင်တာက ဒီအခုပြဿနာတွေဖန်တီးနေတာက မြန်မာ့တပ်မတော်ပဲ ဖန်တီးတယ်။ NCA လက်မှတ်ထိုးပြီးနောက် ပိုင်းမှာမှ NCA စာချုပ်တွေချိုးဖောက်ပြီးတော့မှ အချိုးဖောက်ခံပြီးတော့မှ RCSS တပ်ဖွဲ့တွေကို ကျနော်တို့တအာင်း(ပလောင်)ဒေသထဲကို အတင်းသွတ်သွင်းတယ်။လွတ်လွတ်လပ်လပ်ကို လာလို့ရတယ်။ ပြီးတော့ဒီမှာ ကျနော်တို့ဆီတက်လာပြီးတိုက်ပွဲပြဿနာဖြစ်နေတဲ့အချိန်မှာလည်း ဘေးကပြဿနာ အမျိုးမျိုးဖြစ်အောင်လူထုလှုံ့ဆော်တာ၊ မီဒီယာနဲ့လှုံ့ဆော်တာတွေကို RCSSမီဒီယာတစ်ခုတည်း မကဘဲနဲ့မြန်မာ့မီဒီယာထဲကလည်း ဒီလိုသတင်းတွေထွက်နေတာကျနော်တို့တွေ့ရတယ်။ အထူးသဖြင့် ဒီမှန္တလေးမှာထုတ်တဲ့ မှန္တလေးအလင်းတန်းသတင်းစာဆိုရင် နစ်ဖက်ပြဿနာတက်အောင် ကျနော်တို့ PSLF/TNLAကမဟုတ်တဲ့ဟာတွေ၊ မလုပ်တဲ့ဟာတွေကို လုပ်နေပါတယ် ဆိုပြီးတော့မှ အမျိုးမျိုးရေးသားဖော်ပြထားပါတယ်။

ဒါကတော့ အစိုးရမှန္တလေးမီဒီယာဆိုတာ မြန်မာနိုင်ငံမှာရှိတဲ့အရင်တုန်းကမြန်မာ့တပ်မတော်က မွေးထုတ်ထားတဲ့လူတွေလုပ်ထားတဲ့သတင်းဌာနပဲဆိုတော့ ကျနော်တို့က အဲဒါမျိုးတအာင်းလူမျိုးနဲ့ပြဿနာပဋိပက္ခဖြစ်နေအောင် စနစ်တကျ ဆောင်ရွက်နေတယ်။ မီဒီယာနဲ့လည်း သွေးထိုးလုပ်ဆောင်နေတယ် ကျနော်တို့တွေ့ရတယ်။ ကျနော်တို့အနေနဲ့ ဒါကစိုးရိမ်မှုတော့ရှိပါတယ်။ အဲဒီအတွက်ကြောင့်လည်း လူထုကိုကျနော်တို့အမြဲပြောနေတာက ကျနော်တို့ဒေါသတွေကို ထိန်းပါ၊ အခုဖြစ်နေတဲ့ ပြဿနာက ကျနော်တို့ PSLF/TNLA အနေနဲ့ RCSS/SSA ကြားမှာတိုက်ပွဲပဋိပက္ခတွေဖြစ်တယ်။ ရှမ်းလူမျိုးနဲ့ တအာင်းလူမျိုးပဋိပက္ခ မဟုတ်ဘူး ကျနော်တို့လူထုကို ဒါဟာသိဖို့လိုတယ်လို့ တောက်လျှောက်ရှင်းပြတယ်။ ပြီးတော့ အောက်ခြေအချင်းချင်းကိုလည်း ပြဿနာ အရင်းအမြစ်ကို ရှင်းပြထားပါတယ်။ကျနော်တို့တအာင်းလူထုအကုန်လုံးကို ကျနော်ပြောချင်တာကတော့ ဒီပြဿနာ တွေကို ရှမ်းကိုမုန်းတီးဖို့၊ ရှမ်းကိုပဋိပက္ခရှာဖို့ ဒါမျိုးတွေမလုပ်ကြဖို့ ကျနော်တို့မှာကြားချင်ပါတယ်။ သတိအကြီးကြီးရှိဖို့လည်း ကျနော်မြင်ပါတယ် ဒီအခု RCSSနဲ့ ကျနော်တို့တအာင်းတပ်မတော်တိုက်ပွဲဖြစ်အောင်လည်း မြန်မာ့တပ်မတော်က မြန်မာခေါင်းဆောင်တွေကစနစ်တကျ ဖန်တီးပြီးသွေးထိုးပြီးတော့မှ ဆောင်ရွက်တယ် တအာင်းလူမျိုးနဲ့ရှမ်းလူမျိုး ပဋိပက္ခတတ်တဲ့အဆင့်ရောက်အောင်လည်း မြန်မာတပ်မတော်က မြန်မာ့စစ်ခေါင်းဆောင်ကအစ ဆောင်ရွက်နေတယ်လို့ပြောချင်ပါတယ်။ အဲဒါကို ကျနော်တို့လူထုတွေ သတိအကြီးကြီးရှိဖို့လိုတယ်လို့ ကျနော်မြင်ပါတယ်။

မေး ။ ။ PLSL/TNLA နဲ့ RCSS/SSA လက်နက်ပိုင်ပြဿနာတွေကို ရပ်တန့်သွားအောင် အကောင်းဆုံးဖြစ်အောင် ဘယ်လိုဖြေရှင်းသွားမလဲဆိုတာကိုသိချင်ပါတယ်ရှင့်။

ဖြေ ။ ။ အခု တအာင်းအမျိုးသားရေးလွတ်မြောက်ရေးတပ်မတော်နဲ့ RCSS/SSA တို့ဖြစ်နေတဲ့တိုက်ပွဲတွေက ဒါတကယ်ကို မလိုလားအပ်တဲ့ တိုက်ပွဲတွေလို့ကျနော်မြင်ပါတယ်။ ဒီလိုတိုက်ပွဲဖြစ်နေတာက ကျနော်တို့ သက်ဆိုင်ရာ ကျနော်တို့တအာင်းအဖွဲ့အစည်းရော၊ ရှမ်းအဖွဲ့အစည်းရော၊ တအာင်းလူမျိုးအပါ အဖက်ဖက်နစ်နာဆုံးရှုံးသွားမှု ဖြစ်တယ်လို့မြင်ပါတယ်။ တနည်းအားဖြင့် ထပ်ပြောမယ်ဆိုရင် ရှမ်းတွေအမြဲတမ်း ရှမ်းပြည်ထဲရေးလည်း ထိခိုက်တယ်လို့ကျနော်မြင်ပါတယ်။ နောက်ထပ်ဆိုးတာက ဒီပြဿနာတွေကိုဖြေရှင်းနိုင်ခြင်းမရှိဘူးဆိုရင် တိုင်းရင်းသားတစ်ခုလုံးရဲ့လူမျိုးရေးကိုပါ ဂယက်ရိုက်နိုင်တယ်လို့ကျနော်မြင်ပါတယ်။ ဒါကြောင့်မို့နိုင်ငံရေးပြဿနာကို ကျနော်တို့ကတော့ ဘာကြောင့်ဖြစ်ရသလဲ၊ပြဿနာကိုဘယ်လိုကိုင်တွယ်ဖြေရှင်းမလဲ ကျနော်တို့လည်း ကျနော်တို့ရဲ့ ဗဟိုကော်မတီမှာလည်း ကျနော်တို့အများကြီးဆွေးနွေးထားပါတယ်။ ကျနော်တို့အနေကတော့ ဒါက အကောင်းဆုံး တွေ့ဆုံညှိနှိုင်းဖြေရှင်းပြီးတော့ ပြေလည်နိုင်မယ်။ အကောင်းဆုံးတွေ့ဆုံဖြေရှင်းမယ်ဆိုရင်လည်း ကျနော်တို့ထဲမှာ ဘယ်လိုဝင်မလဲ၊ ကျနော်တို့ကြားထဲဘယ်သူဝင်ပေးနိုင်လဲ၊ ကျနော်တို့တကယ်တိုင်းရင်းသား တပ်ပေါင်းစုတစ်ခုက တိုင်းရင်းသားခေါင်းဆောင်တွေက စုဖွဲ့ပြီးတော့မှ ဒီပြဿနာကိုဘယ်လိုကိုင်တွယ် ဆောင်ရွက်မလဲ ကျနော်တို့လည်းတင်ပြထားပါတယ်။ အခုထက်ထိတော့ ဘာမှတော့ဖြစ်မလာဘူး။ ဒီပြဿနာက နည်းနည်းကြာလာမယ်ဆိုရင်တော့ ကျနော်တို့ထိခိုက်နစ်နာမှုတွေ အများကြီးဖြစ်လာနိုင်တယ်။

ဒါကြောင့်မို့ ဒီပြဿနာတွေကို သေချာဖြေရှင်းဖို့လိုတယ်။ ကျနော်တို့မဖြေရှင်းနိုင်ဘူး ဒီလိုပဲတိုက်ကြမယ်ဆိုရင် ကျနော်တို့ကတော့ မတတ်နိုင်တဲ့အဆုံး ကျနော်တို့နယ်မြေ၊ ကျနော်တို့လူထုကို ခုခံကာကွယ်တိုက်ပွဲဖြစ်နေမှာပဲ။ ဒါကအဖြေတော့ ဖြစ်လာမှာမဟုတ်ပါဘူး။ ဗိုလ်ချုပ်ကြီးယွတ်စစ်က ပြောထားတယ် ဒီနယ်မြေတွေကိုတိုက်ယူမလား၊ ဆွေးနွေးယူမလား မဆွေးနွေးခင်ကို ဒါကတိုက်မှာပေါ့ သူ့တိုင်းသူနေ၊ ကိုယ့်တိုင်းကိုယ်နေ ကျနော်တို့မြင်တာကတော့ ဒါကဘယ်လိုမှ အဖြေထွက်နိုင်မယ့်စကားဖြေရှင်းဖို့မဟုတ်ဘူးလို့ကျနော်မြင်တယ်။ ဘာဖြစ်လို့လဲဆိုတော့မြန်မာ့တပ်မတော်ကလည်းကျနော်တို့ကိုတိုက်နေတာ တိုင်းရင်းသားတွေတိုက်နေတာ နှစ်ပေါင်းများစွာရှိပြီ အခုထက်ထိ မတိုက်နိုင်ပါဘူး ကျနော်တို့တိုင်းရင်းသားအချင်းချင်းကလည်းဒီလိုပဲလက်နက်ကိုင်ဖြေရှင်းတာ ဘယ်လိုမှဖြေရှင်းနိုင်မှာမဟုတ်ဘူးအဲဒီထဲမှာအမြတ်ထက်အဲဒီနည်းလမ်းပဲဖြေရှင်းတာက အမြတ်ထွက်မှာက မြန်မာ့တပ်မတော်မြန်မာအစိုးရပဲ ကျနော်တို့မြင်တယ်။ဒါကြောင့်မို့ ကျနော်တို့တိုင်းရင်းသားတွေကိုက တိုင်းရင်းသားတပ်ပေါင်းစုတွေကော UNFC တပ်ပေါင်းစုတွေ၊ အခုလက်မှတ်ထိုးတဲ့အဖွဲ့ကော ဒီကိစ္စကို ကျနော်တို့ အရေးယူဆောင်ရွက်ပေးဖို့ ပန်ကြားချင်ပါတယ်၊ မေတ္တာရပ်ခံချင်ပါတယ်။ ဒါကို မြန်မြန်ကြားဝင်ဖို့လိုတယ် ကျနော်တို့အဖွဲ့တွေ အမြန်ဆုံးတွေ့ဆုံညှိနှိုင်းပြီးတော့မှ ပြဿနာတွေကို နိုင်ငံရေးနည်းနဲ့အကောင်းဆုံး ဘယ်လိုဖြေရှင်းသွားမလဲ၊ နည်းနည်းဆွေးနွေးဖို့လိုတယ်။ ဒီတိုင်းသာဆိုလျှင် တိုက်ပွဲတွေ ဆက်ဖြစ်နေရင် ဒီအဖြေက ပိုပြီးရှာလို့ခက်သွားမယ်လို့ ကျနော်မြင်ပါတယ်။ ဒါကြောင့်မို့ ကျနော်တို့အဖွဲ့အစည်းအနေနဲ့ ပြဿနာကိုအကောင်းဆုံးဖြေရှင်းဖို့ကတော့ တွေ့ဆုံဆွေးနွေးနည်းသာ ကိုယ်ဘာဖြစ်

ချင်လဲ၊ ကိုယ်ဘယ်လိုဖြစ်ချင်လဲ၊ ဒါအကောင်းဆုံးညှိနှိုင်းပြီးတော့ နိုင်ငံရေးဖြေရှင်းတာအကောင်းဆုံးပဲလို့ ကျနော်မြင်ပါတယ်။

မေး ။ ။ နောက်ဆုံးအနေနဲ့ ဘာများထပ်မံဖြည့်စွက် ပြောကြားလိုပါသလဲရှင့်။

ဖြေ ။ ။ ဟုတ်ကဲ့ ကျနော်အနေနဲ့တော့ အထူးအထွေအများကြီးဖြည့်စွက်စရာ ဘာမှတော့မရှိပါဘူး၊ မေးတာတွေလည်း တော်တော်လေးပြည့်စုံပါတယ်ကျနော်အနေနဲ့တအာင်းကြားမှာရှိနေတဲ့တအာင်းလူမျိုးရော၊ကချင်လူမျိုးရော၊ရှမ်းလူမျိုးရော၊တခြားလူမျိုးတွေကိုပါ တစ်ခုမှာကြားတာကတော့ အခု(၂၁)ရာစုပင်လုံညီလာခံကို ဒေါ်အောင်ဆန်းစုကြည်တို့ဦးဆောင်ပြီးခေါ်မယ်ဆိုရင် မြန်မာ့တပ်မတော်က တိုက်ပွဲဖြစ်ဖို့နည်းလမ်းတွေ အများကြီးရှိနေတော့ တိုက်ပွဲသတိတော့ရှိထားဖို့လိုတယ်လို့ ကျနော်တို့



မြင်တယ်။ ဒါကြောင့်မို့ ကိုယ်ရဲ့စားဝတ်နေရေးတွေကို ဘယ်လိုချိုးချန်ခြွေတာမလဲ၊ တိုက်ပွဲဖြစ်လာမယ်ဆိုရင် စစ်ဘေးဒဏ်ကို ဘယ်လိုရှောင်သင့်သလဲ ကျနော်တို့စုပေါင်းနေနိုင်အောင် ဘယ်လိုဖြေရှင်းရမလဲဆိုတာတွေကို ပြင်ဆင်သတိရှိထားဖို့ လိုတယ်လို့ကျနော်မြင်ပါတယ်။ ကျနော်တို့ သတိရှိထားဖို့လိုအပ်ပါတယ်။ ကျနော်တို့အနေနဲ့ကလည်း ပြည်သူလူထုကို သတိပေးချင်တာကတော့ အကောင်းဆုံးနည်းလမ်းနဲ့ တိုက်ပွဲတွေကိုရှောင် တိုက်ပွဲရပ်ပြီးအကောင်းဆုံး နိုင်ငံရေးနည်းလမ်းနဲ့ ဘယ်လိုရှာမလဲဆိုတာကိုကျနော်တို့အမြဲစဉ်းစားနေပါတယ်။ ကျနော်တို့လူထုကိုတကယ်ဦးတည်ပြီးတော့မှကျနော်တို့အဖွဲ့အစည်းကို ဖွဲ့စည်းထားတဲ့ အတွက်ကြောင့် တိုက်ပွဲဒဏ်မှာပဲနစ်မွန်းနေတယ်၊ ခံစားနေရမယ်ဆိုရင် ကျနော်တို့မလိုချင်ပါဘူး အဲဒါကို ကျနော်ပြောကြားချင်ပါတယ်၊ နောက်ဆုံးတခု ပြောကြားချင်တာကတော့ ရှမ်းလူထုနဲ့ ကျနော်တို့တအာင်းကြားထဲမှာ ပြဿနာတွေ မဖြစ်အောင် နှစ်ဖက်စလုံးက သတိပြုဖို့လိုပါတယ်။ ကျနော်တို့ဒီဟာကိုပြဿနာတက်အောင် တတိယအင်အားစုတစ်ခုခုက ဆောင်ရွက်နေတယ် စနစ်တကျလုပ်နေတာကို ဒါကိုကျနော်တို့ သေချာနားလည်ဖို့လိုပါတယ်။ ဒါကြောင့်မို့ လူထုကိုလည်း အလေးနက်ထားပြီးတော့မှ ရှောင်ရှားဖို့၊ သတိရှိဖို့ ကျနော်မှာကြားချင်ပါတယ်။

